
mgyoe.com




# မောင်သော်က

# ပြုံးစရာ ဝတ္ထုတိုများ

မောင်သော်က၏ဝတ္ထုတိုများ (၁)

mgyoe.com



# မောင်သော်က

# ဘကြီးကောက

## ဝတ္ထုတိုများ

မောင်သော်က၏ဝတ္ထုတိုများ(၁)

mgyoe.com

mgyoe.com

လူကြီးရောဂါ ဝတ္ထုတိုများ မောင်သော်က
မျက်နှာဖုံးပန်းချီ - မောင်မောင်အောင်
စာမျက်နှာ ၂၂၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လူကြီးရောဂါ
# ဝတ္ထုတိုများ
## မောင်သော်က

ပထမအကြိမ်၊ ၂၀၀၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | မောင်သော်က၏ ကိုယ်ရေးအကျဉ်း | (က) |
| ၁။ | လူကြီးရောဂါ | ၁ |
| ၂။ | နွေအရိပ်မှာ အိပ်တော်မူ | ၁၂ |
| ၃။ | မာလာယု | ၂၅ |
| ၄။ | စလင်းရတုသဘင် | ၄၄ |
| ၅။ | ပင်တီ | ၅၅ |
| ၆။ | ဆင်–မျောက်–ခါ သတ္တဝါသုံးဦးတို့အကြောင်း | ၇၃ |
| ၇။ | ဒီစနေ | ၉၃ |
| ၈။ | မောင်သော်ကနှင့် ထူးဆန်းသောမီးခွက် | ၁၈၈ |
| ၉။ | မှောင်ခိုဈေး | ၂၀၆ |


◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com





## မောင်သော်က
## (၁၉၂၈-၁၉၉၁)

၁၉၂၈ ခုနှစ်၊ ရွှေဘိုမြို့တွင် အဖဦးမှန်ကြီး၊ အမိ ဒေါ်မြိုင်တို့မှ ဖွားမြင်သည်။ သားသမီးလေးယောက်အနက် အကြီးဆုံးသား ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။ အမည်ရင်းမှာ ဘသော် ဖြစ်သည်။

၎င်းနှစ်တွင်ပင် ဗမာ့ရေတပ်မတော်သို့ တပ်သားအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။ တပ်မတော် (ရေတပ်)တွင် ဗိုလ်မှူးရာထူးအထိ ထမ်းဆောင်ခဲ့သည်။

၁၉၆၉ ခုနှစ်မှ ၁၉၇၇ ထိ ပြန်ကြားရေး ဝန်ကြီး ဌာန ရှေ့သို့/ ဖော်ဝပ် စာစောင်များတွင် စာတည်းချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံတွင် ရှေ့တန်းမှ ပါဝင်ခဲ့သူဖြစ်ပြီး ၁၉၈၉ ခုနှစ်၊ အောက်တိုဘာတွင် ထောင်ဒဏ် အနှစ် ၂၀ ချမှတ် ခံခဲ့ရသည်။

အင်္ဂလိပ်စာ/စကား သင်ကြားပို့ချခြင်း၊ ရေကြောင်းသိပ္ပံ အတတ်ပညာများကို နိုင်ငံခြားသွား သင်္ဘောသားများအား သင်ကြားပို့ချပေးခြင်း၊ စာပေ ကဗျာရေးသားခြင်း စသည့် လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၁ ရက်တွင် ရန်ကုန် ဆေးရုံကြီး အချုပ်ခန်းအတွင်း၌ ကွယ်လွန်ခဲ့သည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## လူကြီးရောဂါ

"လမ်းလျှောက်လား ကိုဘတင်"

"ဟုတ်တယ် မခင်မေရေ၊ ကျန်းမာရေးက အရေးကြီးတယ်ဗျ။ မခင်မေကော နေကောင်းရဲ့ မဟုတ်လား"

"နေကောင်းပါတယ်။ ကောင်းတယ်ဆိုပေမဲ့ သရိုးသရီပါပဲ ကိုဘတင်ရယ်။ သမီးက ဆရာဝန်ဆိုတော့ တော်သေးတာပေါ့"

"အင်း... မခင်မေတို့များ ဟန်ကျသဗျာ၊ ကျုပ်တို့မှာ တူတော်မောင်တစ်ယောက်နဲ့ ဟိုဟာလေး ဒီဟာလေးများ ခိုင်းချင်သူ့ကို ရှာမတွေ့ပေါင်ဗျာ။ လူငယ်ဆိုတော့ ခက်သားပဲလေ။ ဟဲ-ဟဲ-ဟဲ၊ ကဲ နေမမြင့်ခင် ဆက်လျှောက်လိုက်ဦးမယ် မခင်မေ"

"ကောင်းပြီး ကိုဘတင်၊ အရေးအကြောင်းရှိရင် သမီးကို လူလွှတ်ခေါ်ခိုင်းလိုက်ပေါ့။ အိမ်ချင်းက သိပ်ဝေးကြတာမှ မဟုတ်တာ"

"ကျေးဇူးပါပဲ မခင်မေရယ်။ ကဲ... သွားလိုက်ဦးမယ်"

ဦးဘတင်သည် မာဖလာကို ပြင်စည်း၊ သူ့ဦးခေါင်းပေါ်မှ ဘယ်

mgyoe.com

mgyoe.com


ရီကက်ဦးထုပ်ကို လက်ဝဲလက်ဖြင့် ခပ်ဖိဖိကလေး အုပ်ဆောင်းလိုက်ပြီး လမ်းလျှောက် လက်ကိုင်တုတ်ကို ဟန်ပါပါလွှဲကာ ဆက်လျှောက်သွားသည်။ ဒေါ်ခင်မေလေးသည် သူ့အိမ်ရှေ့ ပန်းခြံတွင်းဝယ် ဘုရားတင်ရန် ပန်းများကိုရွေး၍ လိုက်ညှပ်ကာ ခူးနေသည်။ မြေးမလေးက သူ့နောက်မှ ပန်းခြင်းဆွဲကာ လိုက်ပါရင် ဦးဘတင် သွားရာဘက်သို့ ကြည့်ကာ–

"ဘွားဘွား၊ အဲဒီဦးဘတင်ဆိုတဲ့လူကြီးက ဘွားဘွားရဲ့ သူငယ်ချင်းလား" ဟု စပ်စုနေသည်။

"ဟုတ်တယ်ကွယ့် မီးငယ်လေးရဲ။ ဘွားဘွားနဲ့ ငယ်ငယ်က ကျောင်းနေဖက်သူငယ်ချင်းတွေပေါ့"

"သနားပါတယ်နော်၊ သူ့မှာ သားသမီးလည်း မရှိဘူး။ သူ့တူလေး တစ်ယောက်နဲ့ နေရရှာတာ။ နောက်ပြီး အိမ်ဖော် မိန်းမကြီး တစ်ယောက်"

"သားတစ်ယောက်ရှိတယ်တဲ့။ နိုင်ငံခြား သင်္ဘောဆိုလား လိုက်နေတယ်။ ဟိုတစ်လောကတောင် သူ့အဖေဖို့ ပစ္စည်းတွေ ပို့လိုက်သေးတယ်။ ဖအေတစ်ခုသားတစ်ခု ပေါ့အေ။ သူ့မိန်းမ မခင်အိကတော့ မနှစ်ကပဲ ဆုံးသွားရှာတယ်။ မခင်အိလည်း ဘွားဘွားတို့နဲ့ ကျောင်းနေဖက် သူငယ်ချင်းတွေပါ"

"ပစ္စည်းကဘာလုပ်ဖို့လဲ ဘွားဘွားရယ်။ သူ့သားက သူ့အဖေအတွက် ဗွီဒီယိုစက်တဲ့၊ သူတို့အိမ်ကြီးက ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီး။ သူ့မှာ မြေးတွေမရှိဘူးလားဟင်"

"သူ့သားက အိမ်ထောင်မှမပြုသေးတာ၊ ဘယ်မှာရှိလိမ့်မလဲ။ ကဲ...လာ၊ ပန်းခြင်းလည်းပြည့်တော့မယ်၊ အိမ်ထဲ ဝင်ကြစို့ရဲ့"

ဒေါ်ခင်မေလေးတို့ မြေးအဘွား ပန်းခြင်းဆွဲ၍ အိမ်ထဲဝင်သွားကြစဉ် ဦးဘတင်သည် အတွေးစဉ် တစ်ခုဝယ် တွေးကာ နစ်မျောရင်း

mgyoe.com

mgyoe.com


လမ်းလျှောက်နေသည်။ ခင်မေလေး၊ ခင်မေလေး။ အသံတိတ် ရုပ်ရှင်ခေတ်က နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ဦး၊ ခင်မေကြီး နာမည်ကြီးလာတော့ ခင်မေလေး ပေါ်လာပြန်သည်။ သူ့အမည်က မောင်ဘတင်။ နာမည်ကြီး ရုပ်ရှင်မင်းသားက မောင်ဘတင့်။ အောက်ကမြစ်တစ်လုံးသာ ခြားသော်လည်း ရုပ်က ခပ်ဆင်ဆင်။ ဦးဘတင်ငယ်စဉ်က လူချော၊ လူရည်သန့်၊ အလွန်ရိုးသား အေးဆေးသည်။ ရှက်တတ်ကြောက်တတ်သည်။

ရုပ်ရှင်မင်းသား ဘတင့်နှင့် ခင်မေကြီးက အတွဲများသည်။ ထိုခေတ်တွင် အထက်တန်းကျောင်းသား မောင်ဘတင်နှင့် ကျောင်းသူခင်မေလေးတို့ကို ကျောင်းနေဖက် သူငယ်ချင်းများက နောက်ပြောင်ကြသည်။ ခင်မေလေးက မည်သို့မျှမမှုသော်လည်း မောင်ဘတင်မှာ သူငယ်ချင်းများက နောက်ပြောင်လိုက်လျှင် မျက်နှာကြီးတစ်ခုလုံး နီရဲသွားသည်အထိ ရှက်သွေးဖြာတတ်သည်။ ယောကျ်ားတန်မယ့်နှင့် အရှက်အကြောက်က ကြီးလွန်းသည်။ သူများတကာထက် ရင်ခုန်သံနည်းနည်းမြန်သည်။ ခင်မေလေးနှင့် မျက်မှာချင်းဆိုင်ရမည်ကို ကြောက်နေခဲ့သည်။ မတတ်သာ၍ မျက်နှာချင်းဆိုင်တွေ့လျှင်ပင် သူက မျက်နှာလွှဲသွားသည်။ ခင်မေလေးက ပြုံးမိသည်။ ယခုလို ရင်းရင်းနှီးနှီး အရောတဝင် မပြောဆို မဆက်ဆံတတ်။ အသက်ကြီးမှ အရှက်ပြေသည်ထင်သည်။ ဒေါ်ခင်မေလေးက ဦးဘတင်၏ ငယ်စဉ်အရွယ်ကို တွေးမိတိုင်း ပြုံးမိသည်။

မပြုံးနိုင်သူမှာ ဦးဘတင်။ သူသည် ချွေးစေးများကိုသုတ်ရင်း လမ်းသာ ဆက်လျှောက်နေသော်လည်း စိတ်များက တစ်ခုသော ဝါဆိုလဆီသို့ ရောက်သွားသည်။

အထက်အညာရှိ မြို့ကလေးတစ်မြို့။ ဒုတိယ ကမ္ဘာစစ်ပြီးစ

mgyoe.com

mgyoe.com


အချိန်က အစိုးရဟိုက်စကူးကျောင်း၊ S.H.S ဟုခေါ်ကြသည်။ မောင်ဘတင်ရော ခင်မေလေးပါ ဆယ်တန်းတက်နေကြဆဲ အခါဖြစ်သည်။ သူတို့သည် စစ်ကြီးအတွင်းက ပျက်ခဲ့ရသည့် ပညာရေးကို ဆက်ရန်အတွက် ကုန်းရုန်း၍ ကြိုးစားနေကြဆဲဖြစ်သည်။

စစ်ဒဏ်ကစစ်ဒဏ်၊ စာမေးပွဲကစာမေးပွဲ၊ ကျောင်းသား ကျောင်းသူက ကျောင်းသားကျောင်းသူ၊ ဝါဆိုလပြည့်မတိုင်မီနေ့တစ်နေ့၊ နက်ဖြန် ဝါဆိုလပြည့် ဘုရားတင်ရန်အတွက် ကျောင်းသားကျောင်းသူများ တပျော်တပါး ဝါဆိုပန်းရှူး ထွက်ခဲ့ကြသည်။ မြို့ကလေးမှ မနီးမဝေးရှိတောပန်းတွေ ဝေသော မြိုင်ဟေမာ တစ်နေရာ။

ကျောင်းသားတစ်စု၊ ကျောင်းသူတစ်စု ကိုယ်ခင်မင်ရင်းနှီးရာ လူစုခွဲကာ ပန်းရှာ ပန်းရှူးကြသည်။ မောင်ဘတင်က လိုက်သာလိုက်လာရပေမဲ့ သိပ်စိတ်မပါလှ။ ထို့ကြောင့် ချောင်ကောင်းကောင်း တစ်နေရာတွင် ငှက်ကြီးထိုင်ကာ အတွေးနယ်ချဲ့နေသည်။ မည်မျှကြာအောင်ထိုင်နေပါသည် မသိ၊ 'အမေ့' ဟု အလန့်တကြား အော်လိုက်သောမိန်းကလေးတစ်ဦး၏ အသံကိုကြားကာမှ မည်သို့များဖြစ်ပါလိမ့်ဟူသော ဇောနှင့် အသံကြားရာဆီ ထလာခဲ့သည်။

တွေ့ရသူမှာ ခင်မေလေး၊ နောက်ပြီး တစ်ယောက်တည်း၊ လူစုကွဲ၍ လာခဲ့ဟန်တူသည်။ မြေပြင်ပေါ်တွင် ခြေတင်ပါးလွှဲထိုင်ကာ 'အမယ်လေး ကျွတ်ကျွတ်ကျွတ်' ဟု အော်ကာ ညည်းရင်း လဲကျနေသည်။

"ဟင် မခင်မေလေး ဘယ်လိုဖြစ်တာလဲ"

နေ့စဉ် ကျောင်းတွင် တွေ့နေစဉ်က မျက်နှာလွှဲသွားတတ်သော မောင်ဘတင်က ခင်မေလေးအနီးတွင် ဒူးတုပ်ထိုင်ချလိုက်ရင်း အလောသောကောမေးသည်။ ခင်မေလေးက မည်သို့မျှ မဖြေ။ သူ၏ ဝဲဘက်ခြေဖနောင့် လေးကိုသာ လက်နှင့်ကိုင်ရင်း မျက်စိစုံမှိတ်ကာ တကျွတ်

mgyoe.com

mgyoe.com


ကျွတ်စုတ်သပ်နေသည်။

မောင်ဘတင် ကြည့်လိုက်တော့ ခင်မေလေး၏ ဝဲဘက် ခြေဖနောင့်တွင် တစ်လက်မခွဲခန့်ရှိသည့် ဆူးကြီးသည် ဆူးခက်ပါ နစ်ဝင်နေသည်။

"အို ဆူးစူးနေပါကလား။ အသာနေနော်။ ဆူးဖျားကျိုးကျန်မှာ စိုးရတယ်။ ကျွန်တော် နုတ်ပေးပါ့မယ်။ အို... ထောက်ရာဆူးကြီးပါလား"

"အင်း... ဟင့်၊ သိပ်နာမှာလား ကိုဘတင်ရယ်။ ခင်မေ မကြည့်ရဲဘူး"

"သိပ်မနာပါဘူး။ မကြည့်ရဲရင် မျက်စိမှိတ်နေပါ။ ကဲ... ဟိုဘက်လှည့်"

ဖနောင့်တွင် အရင်းတိုင် စူးဝင်နေသော ထောက်ရာဆူးကို မောင်ဘတင်က ဆတ်ခနဲ ဆွဲယူနုတ်လိုက်သည်တွင် သွေးများ ဝေါက်ခနဲ ပန်းထွက်လာသည်။ မိန်းကလေးတစ်ဦး၏ မျက်လုံးများကို ရဲရဲ မကြည့်ဝံ့သည့် မောင်ဘတင်သည် သွေးရဲရဲ သံရဲရဲကိုတော့ ကြည့်ဝံ့ကြည့်ရဲသည်။ ပထမ ဆူးဆိပ်ကုန်သွားစေရန် သွေးများကို ညှစ်ပစ်သည်။ ခင်မေလေးမှာ အိုး... အားဟူ၍သာ ညည်းတွားကာ စုတ်တသပ်သပ်နှင့် ကိုဘတင် ပြုသမျှ နေရသည်။ သွေးများအတန်ထွက်သွားမှ သူ့လက်ကိုင်ပဝါဖြင့် ပတ်စည်းပေးသည်။

"ကဲ... မခင်မေလေးထပါ၊ ဆူးမကျန်တော့ပါဘူး။ ဒါပေမဲ့ နည်းနည်းဖော့လျှောက်နော်။ ဟိုဘက်လူစုနားထိ ကျွန်တော် တွဲပို့ပေးမယ်။ အိမ်ကျရင် အနာကို နည်းနည်း ဂရုစိုက်နော်။ ထောက်ရာဆူးက အဆိပ်ပြင်းတယ်"

ထော့နဲ့ထော့နဲ့နှင့် ခင်မေလေးသည် မောင်ဘတင်၏ ဖေးမကူ

mgyoe.com

mgyoe.com


ညီမှုဖြင့် ထရပ်ရင်း သူ့ကျေးဇူးတင် ကြောင်းကို နှုတ်မှဖွင့်မပြောသော်လည်း မျက်လုံးများက ဓာတ်အားတို့အား အပြည့်ဖြင့် ပြောနေသည်။ မောင်ဘတင်သည် ယခုမှ မျက်နှာကြီး ထူအမ်းနီရဲနေကာ ခင်မေလေးကို သူ့အဖော်များ ရှိရာသို့ တွဲကူခေါ်လာသည်။ နောက်ကျန်ရှိ နေသေးသည့် ပညာရေးနှစ် ဟိုက်စကူးကျောင်းရက်များတွင် မောင်ဘတင်၊ ခင်မေလေးတို့၏ ဝါဆိုဦး ဆူးစူးစဉ်က ဇာတ်လမ်းမှာ ကျောင်းသားကျောင်းသူတိုင်း၏ နောက်ပြောင်စရာ ဇာတ်လမ်းဖြစ်သွားသည်။ ပြဇာတ်ခေတ်တွင် ပြဇာတ်မင်းသား ကျော်အေး၊ မေမေဝင်းတို့၏ *'ဝါဆိုဦးအခါဝယ် ပန်းခူးထွက်စဉ်က တကယ် ခုတော့မှ ဖွင့်ပြောမယ်'* ဟူသော ပြဇာတ်သီချင်းကလည်း ခေတ်စားဆဲဆိုတော့...

သူတို့ ကြိုက်သွားကြ၍ မည်မျှညားဖို့ ကောင်းပါသနည်း။ သို့သော် သူတို့မညားကြပါ။ မညားကြရုံသာမက အသက်အတန်ကြီး၍ ကိုယ့်အိုးကိုယ့်အိမ်နှင့် သားတွဲလောင်း သမီးတွဲလောင်း ဖြစ်ကြသည်ထိ ပြန်မတွေ့ကြပါ။ ဦးစွာ ခင်မေလေးက အိမ်ထောင်ကျသည်။ တစ်မြို့တစ်ရွာမှ ဆရာဝန်တစ်ဦးနှင့် ကောလိပ်မှာနေစဉ် တွေ့ကြသည်ဆို၏။ မောင်ဘတင်တစ်ယောက်မူ တော်တော်နှင့် အိပ်ထောင်မကျ။ အသက်အတန်ကြီး၍ အိမ်ကလူကြီးများ မနေသာသောကြောင့် ပေးစားကာမှ မခင်အိဆိုသည့် တစ်မြို့တည်းသူနှင့် လက်ဆက်ခဲ့ကြသည်။ သူ့အလုပ်တာဝန်မှာ သတ္တုတွင်းရှိသော မြို့များတွင်သာ နေထိုင်ရသောကြောင့် တနင်္သာရီ ကမ်းရိုးတန်းတွင်သာ အနေများသည်။ မခင်မေလေး၏ ခင်ပွန်းသည်ဒေါက်တာက ချင်းတောင်နှင့် ကချင်ပြည်နယ်မှာသာ အမှုထမ်းသက်များသည်။

တစ်ခါတစ်ရံ မိတ်ဟောင်းဆွေဟောင်းများနှင့် တွေ့၍ စကားစပ်မိမှသာ သတင်းကြားရသည်။ စာအဆက်အသွယ်လည်းမရှိ။ သို့သော်

mgyoe.com

mgyoe.com



ကျောင်းနေဖက်သူငယ်ချင်း သတိတရ ရှိမှုကလေးကတော့ ရှိနေကြသည်။

အသက်လေးဆယ် ကျော်လာသည်ဆိုလျှင်ပင် နှစ်များသည် လျှောစီး၍ ဆင်းသည့်ပမာ အဆင်းမြန်၊ အကုန်မြန်လွယ်ကြသည်။ သားသမီး ကြီးသည်ဟုပင် မထင်ရသေး၊ မိုးဦးပေါက်သော မှိုပမာ မြေးကလေးတွေက ဘယ်ကပေါက်မှန်းမသိ ပေါက်လာကြသည်။ ဒေါ်ခင်မေလေး မြေးတွေနှင့် ဖြစ်နေသော အချိန်တွင် ဦးဘတင်မှာ မိန်းမမယူဘဲ ပေကတ်ကတ်လုပ်နေသော သားကြောင့် မြေးငယ်မရှိဘဲ ဆည်းလည်းသံညည်းနှင့် ဖဝါးနုနုလေးများ အသံကို မကြားရရှိနေသည်။ အဖြစ်ချင်းတူချင်ပြန်တော့ ဦးဘတင်၏ ဇနီး ခင်အိ သွေးတိုးရောဂါနှင့် ဆုံးသောနှစ်မှာပင် ဒေါ်ခင်မေလေးလည်း မုဆိုးမ ဖြစ်ရသည်။ အငြိမ်းစား အနားယူရန် မြို့ရွေးတော့လည်း တစ်မြို့တည်းမှာ လာရောက်ဆုံမိကြပြန်သည်။ ဒေါ်ခင်မေလေးက ဆီးချိုရောဂါ၊ ဦးဘတင်က သွေးတိုးရောဂါနှင့် နှလုံးရောဂါ။ ဒါပဲကွာခြားသည်။

ထိုနေ့က ဦးဘတင်သည် လမ်းအများကြီး လျှောက်ပစ်လိုက်သည်။ သူ့စိတ်တွင်ဝယ် အကျိတ်အခဲကြီး တစ်ခုသည် တစ်ဆို့နေသည့်ပမာ ခံစားရသည်။

* * *

ကောင်းကင်တွင် မိုးသားများ ဆိုင်းနေသည်။ ရာသီဥတု ကလည်း မှုန်ပျပျ၊ နယုန်လကွယ်က မိုးတစ်ပြိုက် နှစ်ပြိုက်ရွာပြီး မိုးကပြတ်သွားသည်။ နေရထိုင်ရသည်မှာ အိုက်စပ်စပ်နိုင်လှသည်။ မိုးကိုသာ မျှော်နေမိသည်။ ဟော... မိုးသားတိမ်လိပ်များသည် တက်လာပေပြီ။ မိုးသားတိမ်လိပ်ကို မြင်သည်နှင့် အလိုလိုစိတ်အေးလာသည်။ အဆွေးဓာတ်ခံ

mgyoe.com

mgyoe.com


ရှိသူများက ဆွေးကြသည်။ အမှတ်တရရှိသူများက ယနေ့သည် ဝါဆို လဆန်း ၁၄ ရက်ဖြစ်သည်ကို သတိပြုမိ ကြမည် ဖြစ်၏။ နက်ဖြန်ဆို ဝါဆိုလပြည့်နေ့...

ဦးဘတင်သည် အိမ်မှလမ်းလျှောက်ထွက်လာကတည်းက ရက်စွဲကို သတိရနေမိသည်။ ဒေါ်ခင်မေတို့ အိမ်ရှေ့အရောက်တွင် မခင်မေလေး အိမ်ရှေ့ထွက် နှင်းဆီပန်းညှပ်မည့်အချိန်နှင့်လည်း တိုက်ဆိုင်နေစေရန် တမင်ရွေး၍ ဖြည်းဖြည်းထွက်လာသည်။ အကြံအစည်နှင့် လူများသည် ဝီရိယ ရှိကြ၏။ ဟောတွေ့ပါပြီ၊ ဒေါ်ခင်မေက ကတ်ကြေးနှင့် ပန်းညှပ်ကာ သူ့မြေးမလေး ကိုင်ထားပေးသော လက်ဆွဲခြင်းတောင်းတွင် ထည့်နေသည်။ နက်ဖြန် ဝါဆိုလပြည့်မို့ ရွေးညှပ်နေဟန်တူသည်။

"အဟမ်း... အဟမ်း"

"ဟော... ကိုဘတင် အစောကြီးပါလား"

"ဟုတ်တယ် မခင်မေ၊ ဒီနေ့နည်းနည်းစောထွက်လာတယ်" ဦးဘတင်က လက်ကိုင်တုတ်ကို မြေကြီးထောက်ရင်း ပြောသည်။

"သားဆီက စာရသလား"

"ရတယ် မခင်မေ၊ နောက်နှစ်ပတ်လောက်ဆိုရင် ပြန်ရောက်တော့မယ်တဲ့ဗျ။ ဖေဖေ့အတွက်ကားလည်း ဝယ်ခဲ့သတဲ့ဗျ"

"တော်ပေသားပဲ။ အားကိုးရသားပဲ။ ဒါထက် ချွေးမလေးဘာလေးကော မကြည့်သေးဘူးလား" မခင်မေလေးမှာ ဟန်မူမပျက်စဉ်ကကဲ့သို့ အပြောရဲ အကြည့်ရဲ၊ နှုတ်သွက်၊ လျှာသွက်ပင် ရှိသေးသည်။

"ဟင်း...ဟင်း။ ဒါကတော့ သူတို့ ဟင်း... ဟင်း... လူငယ်ကိစ္စပဲဗျာ" ဦးဘတင်မှာ သူ့သားမိန်းမယူမည့် ကိစ္စပြောရမှာပင် ရှက်နေဟန်တူသည်။

mgyoe.com

mgyoe.com


"ဘယ်ဒီလို ဟုတ်လိမ့်မလဲ ကိုဘတင်ရယ်။ ကိုယ့်မှာ ချွေးမက ရှားရှားပါးပါး ဒီတစ်ယောက်ပဲရှိမှာ။ အဲဒီတော့ ကိုယ့်စိတ်ကြိုက် အမေ့"

စကားပြောရင်း နှင်းဆီပန်းခူးနေသည့် ဒေါ်ခင်မေလေး၏ လက်ကို နှင်းဆီဆူးက ဝင်စူးသည်ကြောင့် 'အမေ့' ဟု အသံထွက်သွားသည်။

"ဟင်... ဘွားဘွား ဆူးစူးသွားပြီ၊ ဟင် သွေးတွေ ထွက်နေပါလား"

"ကိစ္စမရှိပါဘူး မီးငယ်ရယ်။ နှင်းဆီဆူးပဲဟာ"

"နေဦး မီးငယ် ဂွမ်းနဲ့ ပလတ်စတာ သွားယူဦးမယ်"

သွက်လက်ချက်ချာသည့် ဆရာဝန်ကတော်၏မြေး၊ ဆရာဝန်မ၏ သမီးဖြစ်သူလေးသည် ရှေးဦးသူနာပြုရန်အတွက် အိမ်ဆီသို့ပြေး၍ ဆေးသေတ္တာ သွားယူသည်။

"နှင်းဆီဆူးမို့ ဂရုမစိုက်ဘဲ မနေနဲ့လေ မခင်မေ"

ဦးဘတင် အသံထွက်လာမှ ဒေါ်ခင်မေ မော့ကြည့်မိသည်။ သူတို့ အကြည့်ခြင်းဆုံကြသည်။

"ဒါပေမဲ့ ထောက်ရှာဆူးလောက်တော့ အဆိပ်မပြင်းပါဘူး"

ဒေါ်ခင်မေလေး၏ မှုန်သီသီမျက်လုံးများသည် ကြယ်ပွင့်ကလေးများကဲ့သို့ လက်သွားသည်။ သူ့လက်ညှိုး ထိပ်မှသွေးစို့ကလေးသည် ဖနောင့်တွင် ထောက်ရှာဆူးစူးစဉ်က သွေးများကဲ့သို့ နီရဲစွာပင် ရှိနေသေးသည်။ မြေးငယ်ကလေးက ဆေးသေတ္တာကို ရှာနေပုံရသည်။

"အဟမ်း... မခင်မေကို ကျွန်တော်၊ ကျွန်တော် တစ်ခုလောက် မေးချင်တယ်" ဦးဘတင်၏ အသံမှာ ထူးခြားစွာ ခြောက်ကပ်လှ၏။

"မေးလေ ကိုဘတင်၊ ဘာများမေးချင်လို့လဲ"

ဒေါ်ခင်မေလေးသည် မမျှော်လင့်သော စကားကြောင့် အတန်အံ့အားသင့်သွားပုံရှိသည်။ သို့သော်သူကအမြဲ ဟန်မပျက်သူ။

"အင်း... မခင်မေ၊ ဝါဆိုပန်းခူးထွက်တုန်းက၊ အဲ... အဲ ကျောင်း

mgyoe.com

mgyoe.com


မှာပါ။ အဲ... အဲ... ကြာပါပြီ"

"ဘာလဲ ကျွန်မခြေထောက်ကို ထောက်ရှာဆူး စူးတုန်းက ကိုဘတင် နုတ်ပေးတာပြောတာ မဟုတ်လား"

"အဲ... အဲ... အဲဒါ မေ့နေပြီလားလို့ပါ"

"မမေ့ပါဘူး ကိုဘတင်ရယ်။ ခုလို သွေးမြင်ရတော့ ရှင်လည်း သတိရတယ် ဆိုပါတော့။ ကျွန်မမေ့သွားပြီလားလို့ မေးချင်တာလား"

"ဟုတ်– ဟုတ်ပါတယ်။ အဲ... မဟုတ်သေးဘူး။ မဟုတ်သေးဘူး။ မေးချင်တာက ကျန်– ကျန်နေသေးတယ်"

ဦးဘတင် မျက်လုံးများမှာ နှင်းဆီပွင့်တွေပေါ်တွင်သာ။

"ဘာများပါလိမ့် ကိုဘတင်ရယ်။ ပြောစရာရှိလည်းပြောလေ"

ဒေါ်ခင်မေလေးက ရေလာမြောင်းပေး ပြောလိုက်သည်။

"အဲ–အဲ– ကလေးစကားပြောရရင်ဗျာ၊ အဲဒီတုန်းက ခင်ဗျားကို ကျွန်တော်မေတ္တာရှိနေပါတယ်လို့ ဖွင့်–ဖွင့်ပြောခဲ့ရင် မခင်မေ ဘယ်– ဘယ်လို တုံ့ပြန်မလဲလို့ သိချင်တာပါ" ဟု ပြောလိုက်တော့သည်။

ဒေါ်ခင်မေလေးသည် အတန်ကြာပြန်မဖြေ။ သူ့အိမ်ဆီသို့ လှည့်ကြည့်နေသည်။ မြေးမလေးက ပြန်ထွက်မလာသေး။ ပြီးမှ...

"ကိုဘတင်၊ ရှင်ခုပြောနေတာက ရည်ရွယ်ချက်တစ်ခုခုနဲ့ ပြောနေတာလား၊ သို့မဟုတ် ကုန်လွန်ခဲ့တဲ့ အတိတ်အရပ်ဆီက အဖြစ်အပျက် တစ်ခုကို အတိတ်ကံစမ်းအနေနဲ့ သိချင်လို့ မေးနေတာလား"

ဒေါ်ခင်မေလေးအသံမှာ တည်လွန်း၍ ဦးဘတင် လန့်သွားသည်။

"ဘာရည်ရွယ်ချက်မှ မရှိပါဘူးဗျာ၊ သိ– သိချင်တာ တစ်ခုပဲ ရှိပါတယ်"

"ဩော်... အတိတ်က ကံစမ်းမဲကို သိချင်တယ်ဆိုပါတော့"

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ ထားပါတော့။ အဲ ဆိုကြပါစို့"

"ရှင်မှမနှိုက်ဘဲနဲ့"

"ဗျာ..."

"ရှင်မှမနှိုက်ခဲ့ဘဲနဲ့"

"တကယ်လို့ မဲနှိုက်ခဲ့ရင်ကော"

"ပေါက်တယ်၊ အောင်ဘာလေမဲပေါက်တယ်။ အဲဒီတုန်းကမှ မဲမနှိုက်ခဲ့ဘဲနဲ့ ခုမှထပ်နှိုက်ချင်တယ်ဆိုရင်တော့ ဗလာမဲပဲ ပေါက်မယ်။ ဒီမီးငယ်လေးကလည်း ဆေးပလတ်စတာ သွားယူတာ ကြာလိုက်တာ။ ကဲ... ကျွန်မအိမ်ထဲ ဝင်လိုက်ဦးမယ်။ ရှင်လည်း လမ်းလျှောက်စရာရှိတာ ဆက်လျှောက် ပေဦးတော့"

ဒေါ်ခင်မေလေး အိမ်ဆီသို့ လျှောက်သွားသည်ကို ဦးဘတင်သည် အတန်ကြာ စိုက်ကြည့်နေမိသည်။ သူ့မျက်နှာတစ်ခုလုံးမှာလည်း ထူအန်း၍ နီမြန်းနေသည်။ ဒေါ်ခင်မေလေး အိမ်တွင်းဝင်သွားမှ ချာခနဲလှည့်ကာ ခြေလှမ်းများ လေးတွဲ့စွာဖြင့် သူ့လမ်းသူ ဆက်လျှောက်သွားတော့သည်။ နောက်တစ်နေ့...

ဝါဆိုလပြည့်နေ့။ ဝါဆိုလပြည့်နေ့ထုတ် သတင်းစာများသည် ဝေဝေဆာဆာနှင့် လှလှပပ ထွက်လာသည်။ သို့သော် နာရေးကြော်ငြာတစ်နေရာတွင်မူ 'ဦးဘတင် အသက် ၆၂' ဟူသည့်အမည်တွင် 'လူကြီးရောဂါ' ဖြင့် ကွယ်လွန် အနိစ္စရောက်သည်ဟု မရေမရာ ဖော်ပြထားသည်ကို သတိပြုမိ သူများသာလျှင် တွေ့ရှိကြရမည် ဖြစ်ပါသည်။

အမှတ်၆၂၊ ပေဖူးလွှာမဂ္ဂဇင်း
ဇူလိုင်လ၊ ၁၉၈၆။

◆

mgyoe.com

mgyoe.com

# နေ့အရိပ်မှာ အိပ်တော်မူ

ကမ္ဘာနာဟု တစ်ချိန်သောအခါက ခေါ်ကြသည်။ ကျောက်ပေါက်ရောဂါဟု အများကသိကြသည်။ တစ်ချိန်သောအခါက အာရှနှင့် အာဖရိကတိုက် အပူပိုင်းဒေသတို့တွင် ဤရောဂါသည် ကူးစက်ပြန့်ပွားလျက် လူနှင့်တိရစ္ဆာန် အများအပြားပေါ်တွင် ကျရောက်ခဲ့သည်။ ယခုကာလတွင် ရောဂါကို နှိမ်နင်းနိုင်ခဲ့ပြီ ဖြစ်သော်လည်း ကြီးကြားဖြစ်ဆဲ။ ရောဂါဝင်လျှင် အသက်သေကြသည့် ဝေဒနာရှင်များသာ များပြားလေ့ရှိသည်။ မသေကျန်ရစ်ခဲ့သူ ဝေဒနာရှင်များတွင် ကြောက်မက်ဖွယ်ရာ အမာရွတ်များ မျက်နှာပြင်နှင့် တစ်ကိုယ်လုံးတွင် သေရွာပါသည်ထိ မရှုမလှ ကျန်ရစ်ခဲ့ကြသည်။ အလောင်းတော် မင်းကုသသည်လည်း ဤဝဋ်ကြွေးသင့်ခဲ့သူဟု ဆို၏။ အသေသော်မှ မလှမပဖြစ်ရသည်။ အဆိုးဆုံးမှာ တချို့သော ဝေဒနာရှင်များ၌ ရောဂါကြောင့် မျက်စိအလင်း ကွယ်ပျောက်ကာ မျက်မမြင်ဘဝသို့ ဆိုက်ရောက်ခဲ့ရခြင်းပင် ဖြစ်သည်။

mgyoe.com

mgyoe.com


မောင်ပေါက်သည်လည်း အသက် ၁၂ နှစ်သားအရွယ်တွင် ခုနစ်တန်းကျောင်းသားဘဝ အထက်အညာ ကျေးရွာတစ်ရွာတွင် ကျောက်ကြီးပေါက်လျက် မျက်စိပျက်ခဲ့ရသည်။ မူလက ရုပ်ရည်အားဖြင့် မဆိုးလှသော မျက်နှာကလေးမှာ ကျောက်ပေါက်မာနှင့် နေရာမလပ်အောင် ကျန်ခဲ့သည်။ သူ့အသက်မှာ ၃၀ ကျော်မျှသာ ရှိသေးသည်။

မောင်ပေါက်သည် ငယ်စဉ်မှစ၍ စာပေဝါသနာ ပါခဲ့သူဖြစ်သည်။ ပညာရေးတစ်ဝက် တစ်ပျက်နှင့် မျက်မမြင်ဘဝရောက်ကာ ကျောင်းပျက်ခဲ့ရ သော်လည်း သူသည်စာပေကို ဝါသနာမပျက်ခဲ့။ သူများကိုတောင်းပန်ကာ စာဖတ်ပြခိုင်းသည်။ နားထောင်သည်။ သူအကြိုက်နှစ်သက်ဆုံး စာပေအမျိုးအစားမှာ ကဗျာပင်ဖြစ်သည်။ မျက်မမြင် စာပေကဗျာ ဝါသနာရှင်လေး မောင်ပေါက်မှာ မျက်မမြင်စာကို ရေးတတ်ဖတ်တတ်လာပြီ ဖြစ်သည့်အခါတွင် မျက်မမြင်စာနှင့် ရှိရှိသမျှ စာပေကိုဖတ်ကာ ဗဟုသုတ စုဆောင်းသည်။ သူသည် အခြားမျက်မမြင်များကဲ့သို့ လက်မှုပညာကို တတ်သော်လည်း လက်မှုပညာနှင့် အသက်မွေးရသည်ကို ဝါသနာမပါ၊ အနိုပ်သည်ဘဝနှင့် အသက်မွေးမှုကို စိတ်မျှပင်မကူး။ သူ့ဝါသနာနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းမှုကိုသာ သူ လုပ်သည်။ ယင်း အလုပ်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများကို လက်ပွေ့လိုက်လံ ရောင်းချခြင်းပင်ဖြစ်သည်။

သူ့မျက်စိများ မမြင်သော်လည်း သူသည် လက်ကိုင်တုတ်တစ်ချောင်းကို အားပြုကာ ရန်ကုန်မြို့ရှိ နေရာအသီးသီး၌ စာအုပ်စာစောင်များကို လက်ပွေ့လိုက်လံရောင်းချနေသည်။ နေ့စဉ်ထုတ် သတင်းစာများ၊ လစဉ်ထုတ် မဂ္ဂဇင်း စာစောင်များ၊ ရွှေသွေး၊ ရှေ့သို့၊ တံခွန် စသည်တို့ဖြစ်၏။ နံနက် တစ်ခေါက်၊ ညနေတစ်ခေါက် အပြင်ထွက်ရောင်းသည်။ နေ့လယ် ၁၂ နာရီနှင့် ၁နာရီကြားဆိုလျှင် သူဘယ်ကိုမျှ

mgyoe.com

mgyoe.com


ထွက်လေ့ မရှိ။ သူ့နေရာ အဆောင်တွင် သူနားသည်။

နံနက်ပိုင်းတွင် သူသည် ရန်ကုန်မြို့ရှိ ဆေးရုံကြီးများသို့ သွားရောက်ကာ လူနာဆောင်များတွင် ရောင်းချလေ့ရှိသည်။ သူ အထူးအားထားရောင်းချရသည်မှာ နာတာရှည် လူမမာများပင်ဖြစ်သည်။ လူနာများကလည်း သူ အလာကိုမျှော်ကာ သတင်းစာ ဖတ်ကြရသည်။ သူနှင့် မိတ်ဆွေရင်းချာများပင် ဖြစ်နေကြသည်။

တစ်ခါက သူနှင့်ကျွန်တော် ဘတ်စ်ကားမှတ်တိုင်တွင် ဆုံမိကြသည်။ ကျွန်တော်က စကားစလျက်...

"မောင်ပေါက် ဘယ်ကိုသွားမလဲဟေ့" ဟု မေးလိုက်သည်။

သူက လူတိုင်း၏ အသံကို ကျက်မိပြီး ဖြစ်နေခြင်းကြောင့်

"ဩော်... ဆရာပါလား၊ ဆေးရုံကြီးကို ဆရာ၊ စာအုပ်တွေမှာထားတာ သွားပို့မလို့" ဟုဆိုသည်။

ကျွန်တော်ကလည်း သူနှင့်တွေ့ခိုက် အားပေးလိုက်မည် ရည်လျက်

"ဟေ့...တံခွန်ပါလျှင် ငါ့ကို တစ်စောင်ရောင်းစမ်းပါ" ဟုဆိုလိုက်သည်။

"တံခွန် ကုန်ပြီ ဆရာ၊ ဖွဲ့သတ္တိတော့ရှိတယ်" ဟုဆိုကာ သူ့လက်ပွေ့အတွင်းမှ အားကစားဂျာနယ် တစ်စောင်ကို ကျွမ်းကျင်စွာဆွဲထုတ်ပေးသည်။

ကျွန်တော်က သူ့ကိုအားပေးချီးမြှောက်လိုခြင်းကြောင့် အားကစားဂျာနယ် တစ်စောင်ကို မဝယ်ချင့် ဝယ်ချင်နှင့် အောင့်ကာ ဝယ်လိုက်ရသည်။

"ဆရာ... ဘယ်ကိုသွားမှာလဲ၊ မြို့ထဲကိုလား"

"အေး... ဗိုလ်ချုပ်ဈေးသွားမလို့ကွာ"

ထိုစဉ် စလင်းကျောင်းတိုက်ဆီမှ ကားတစ်စီးမောင်းလာသံ ကြား

mgyoe.com

mgyoe.com


ရခြင်းကြောင့် ကျွန်တော်က ခေါင်းမော့ကာ...

"ဟော အမှတ် ၁၃ လာပြီထင်တယ်၊ ငါသွားမယ်" ဟုပြောလိုက်သည်။

"အဲဒါ ၁၃ မဟုတ်ဘူးဆရာ၊ အမှတ် ၁၂ ဟီးနိုးကား၊ တစ်အောင့်ကြာမှ အမှတ် ၁၃ ကားလာလိမ့်မယ်' ဟု မောင်ပေါက်က ပြောသည်။ ဟုတ်ပါ၏။ အမှတ် ၁၂ ဟီးနိုးကားကြီး မီးခိုးတထောင်းထောင်းနှင့် မောင်းလာသည်။

* * *

"ဟ... မင်းက မမြင်ရဘဲနဲ့ အဝေးကြီးက လာနေတဲ့ ဟီးနိုးကားကိုတောင်မှ ၁၂ ရယ် ၁၃ ရယ်လို့ ခွဲခြားသိလှချေလား"

"စက်သံလေဆရာ စက်သံ၊ ဟီးနိုးချင်း တူပေမဲ့ ၁၂ စက်သံက ဂျုံးဂျုံးကျနေတဲ့ စက်သံပဲ။ ဆူတယ်၊ ပူတယ်၊ မီးခိုးနံ့မွှန်တယ်၊ ဒီဇယ်စက်ဆီပေတယ်၊ ကြမ်းပြင်မှာလည်း အပေါက်အပြဲတွေနဲ့၊ မှန်ပြတင်းပေါက်တွေကလည်း ဟာလာ ဟင်းလင်း၊ မစီးနဲ့ဆရာ၊ အန္တရာယ်များတယ်"

သူကပင် ကျွန်တော့်ကို စိတ်ချစွာ ခရီးသွားလာရေး အကြံပေးနေသေး၏။

"အေးပါ ငါလည်း ၁၃ စီးမလို့ပါ။ အမှတ် ၁၂ ကားက ဝက်သတ်ရုံက ဝက်တင်တဲ့ ကားလောက်တောင်သန့်တာမှ မဟုတ်ဘဲ။ ၁၃ ကား လာတော့ မင်းနဲ့ငါ အတူတက်စီးမယ်။ ကားခကို ငါကပဲ ပေးမယ်ကွာ'၊ ကျွန်တော်က စေတနာနှင့် လောကွတ်ပြုမိသည်။

"အမှတ် ၁၃ ကား က ပြတ်တယ်ဆရာ။ လာရင်ဆရာ တက်လို့ရမှာ မဟုတ်ဘူး။ အဲဒီတော့ ဆရာက အေးအေးဆေးဆေး ၃၃ ပဲစီးသွား

mgyoe.com

mgyoe.com


ဟိုကျ လမ်းလျှောက်ပေါ့" ဟု သူကအကြံပြုသည်။

"ဘာပြုလို့ တက်မရနိုင်ရမှာလဲကွ" ကျွန်တော်ကမကျေမနပ်နှင့် မေးလိုက်မိသည်။

"လူကျပ်တယ်ဆရာ၊ ဆရာတို့က လူတွေ သိပ်ကျပ်နေတာ မြင်တော့လန့်ပြီး မတက်နိုင်မှာ ပူလို့ ပြောတာပါ"

သူပြောသည်မှာ မှန်ပါသည် အမှတ် ၁၃ ကားသည် နတ်စင်လမ်း ဂိတ်မှ ထွက်ကတည်းက လူအပြည့်ပါလာပြီး ဖြစ်သည်။ ကျွန်တော်တို့ ပန်းပင်ကြီးလမ်းထိပ်ရောက်သောအခါ လူပြွတ်သိပ်ညပ်နေခြင်းကြောင့် ကျွန်တော့်မှာ ရှေ့ပေါက်မှတက်ရမလို နောက်ပေါက်မှတက်ရမလိုနှင့် ရှေ့ပြေးနောက်ပြေး ဖြစ်နေစဉ်မှာပင် ကားသည် "မောင်းဆရာ" ဟူသည့်အသံ၌ မောင်းထွက်သွားခဲ့သည်။ ကျွန်တော်က ကားမှတ်တိုင်၌ တစ်ယောက်တည်း ငေါင်ငေါင်ကြီး ကျန်နေရစ်ခဲ့ချိန်ဝယ် မောင်ပေါက်သည် ဘယ်အချိန်က အမှတ် ၁၃ ကားပေါ်တိုးတက်သွားသည်မသိ၊ ပါသွားလေပြီဖြစ်၏။ အင်း... မျက်မမြင်တွင် ကျွန်တော်တို့ထက် အခွင့်အရေးသာသည့်နေရာမှာ တစ္ဆေမကြောက်သည့် နေရာမှာတွင်သာ မဟုတ်ပါလားဟု စိတ်တွင် အောက်မေ့မိပါတော့သည်။

တစ်နေ့၊ ကျွန်တော်မြို့တွင်းမှ ပြန်လာ၍ အိမ်ရောက်သည်၌ အိမ်တွင် မျက်မမြင် လင်မယားနှစ်ဦး အိမ်ရှိ ကုလားထိုင်ပေါက်နှစ်လုံးကို ကြိမ်ထိုးနေခိုက် တွေ့ရ၏။

"ဟော့-မောင်မြတို့ ပါလားဟော့၊ အေးကွာ- ဒီကုလားထိုင်အပေါက်အပြဲ တွေကို ကြိမ်ထိုးချင်နေတာ ကြာပြီကွ။ မင်းကိုမှာထားတာလည်း ခုမှ လာကြတော့တာပဲ"

ကျွန်တော်က သူတို့လင်မယားနှင့် ရင်းနှီးပြီးဖြစ်ခြင်းကြောင့် သူတို့ ဘေးတွင် ဝင်ထိုင်ကာ စကားပြောလိုက်သည်။

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့လည်း လာလုပ်ပေးဖို့ပါပဲ၊ ခုတစ်လော အလုပ်တွေကများနေလို့ ခုအားမှ လာရက်ပေးရတာ" ဟု ပြန်ပြောသည်။

မောင်မြတို့ လင်မယား တွဲဖက်ညီသည်။ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ကြသည်။ သူတို့တွင် ၁၂ နှစ်သားရွယ် ကလေးတစ်ဦး ရှိသည်။ ယောကျ်ားလေးဖြစ်၏။ သူတို့နှစ်ဦးလုံးအတွက် မျက်လုံးဖြစ်သည်။

"မင်းတို့ကလေးကောကွ"

"အိမ်မှာ ပြန်နေတယ်ဆရာ၊ ကျွန်တော်တို့ အလုပ်ပြီးမှ လာခေါ်လိမ့်မယ်။ အိမ်မှာက မောင်ပေါက် နေမကောင်းဖြစ်နေလို့ ဆေးပေးမီးယူ ကြည့်ရှုနေရတယ်"

ခုမှ ကျွန်တော် သတိရသည်။ မောင်ပေါက်ကို မတွေ့ မမြင်ရသည်မှာ ကြာပြီဖြစ်၏။ မောင်ပေါက်က လူပျို၊ မောင်ပေါက်သည် မောင်မြတို့ လင်မယားအိမ်၌ ထမင်းလခပေး၍ စားသည်။ အိမ်ဘေးအဖီကလေးတွင် တစ်ယောက်တည်းနေသည်။

"အေး... မောင်ပေါက်မမြင်ရတာ ကြာပြီပဲ။ ဘာဖြစ်သလဲကွ၊ အတော်နေမကောင်း ဖြစ်နေသလား"

မောင်မြက ကြိမ်ကို လက်နှင့်စမ်းလျက် စိတ်ဖြာရင်း

"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ စိတ်ဝေဒနာပေါ့။ ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ ဆေးမရှိဘူးလို့ ဆိုတယ် မဟုတ်လားဆရာရဲ့"

"တော်ဟာလေ ကြီးကြီးကျယ်ကျယ် စာသံပေသံတွေနဲ့ စာရေးဆရာကိုများသွားပြီး မိကျောင်းမင်း ရေကင်းပြနေသေးတယ်" သူ့ဇနီးက လှမ်းပြောလိုက်၏။

mgyoe.com

mgyoe.com



"ဟေ... ဟုတ်လား၊ အချစ်ဝေဒနာ ကျတာပေါ့ ဟုတ်လား"

ကျွန်တော်က စိတ်ဝင်စားစွာ မေးမိသည်။

"ဟုတ်တယ်ဆရာရဲ့၊ သူ့ဟာက ကျမယ့်သာ ကျတယ်၊ အုံ့ပုန်းချစ်ပါဆရာရယ်၊ ဂီတလုလင် မောင်ကိုကိုရဲ့ အုံ့ပုန်းချစ် သီချင်းလိုပေါ့၊ ဟဲ...ဟဲ"

မျက်မမြင် အချို့သည် ဂီတဝါသနာရှင်များ ဖြစ်ကြ၏။ ရေဒီယို၊ ကက်ဆက်ဝယ်နိုင်လျှင်ဝယ်၍ မဝယ်နိုင်လျှင် ကြားနိုင်သော နေရာတို့၌ တစ်နေကုန် နားထောင်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ သီချင်း ပဟေဠိ ခန်းတွင် ဝင်ဖြေရလျှင် အမှတ်အများဆုံး ရနိုင်မည့် အရည်အချင်း ရှိသည်။

"ဘယ်လိုဘယ်ပုံ အုံ့ပုန်းချစ်လဲကွယ်၊ ဆိုစမ်းပါဦး"

"ကဲ...ရှင်ကလည်း ဖိုးပြောချင်ဆိုတော့ မနေနိုင်ဘူး။ ရှင်ဟာလေ ကြီးတောင့်ကြီးမားနဲ့ ဒါမျိုးဆို သိပ်ဝါသနာပါတယ်။ မျက်စိသာ မြင်ရင် ဖမ်းလို့တောင် မိမယ့်လူစားမျိုး မဟုတ်ဘူး"

သူ့ဇနီးက ဆောင့်ကြီးအောင့်ကြီးနှင့် ပြောသည်။

"ဟဲ...ဟဲ... ဟဲ ဒီလိုဆရာ၊ မောင်ပေါက်ဟာ နေ့လယ် ၁၂ နာရီနဲ့ ၁ နာရီကြားမှာ ဘယ်မှ သွားလေ့မရှိဘူး၊ ဘယ်လောက် ရောင်းကောင်းကောင်း သူစာစောင်တွေကို ထွက်ရောင်းလေ့မရှိဘူး"၊ မောင်မြက ကြိမ် တစ်စကို လက်စသပ်တုပ်ရင်း ပြောသည်။

"နေပူလို့ နားတာနေမှာ ပေါ့ကွာ"

"ဘယ်ဟုတ်မှာလဲ ဆရာ၊ စောင့်တာ စောင့်နေတာ"

"ဘာကို စောင့်နေတာလဲကွ၊ သူက..."

"မုန့်သည်ကို၊ အဲ... အသံရှင်ကို စောင့်နေတာ"

"ဟ... မင်းဟာက ပဟေဠိတွေပါလား၊ လင်းစမ်းပါဦးကွ"

mgyoe.com

mgyoe.com


မောင်မြက ကုလားထိုင်ကျောမှီဘက်တွင် ဝရန်ကြိမ်ကို သပ်နေသည်။

"ဒီလို ဆရာ၊ နေ့လယ် ၁၂ နာရီနဲ့ တစ်နာရီကြားမှာ မုန့်ရောင်းတဲ့မုန့်သည်ကောင်မလေးတစ်ယောက် လာလေ့ရှိတယ်။ အိမ်လုပ်မြန်မာ မုန့်မျိုးစုံ၊ မုန့်စိမ်းပေါင်း၊ ထန်းသီးမုန့်တို့၊ တစ်ခါတလေလည်း ရာသီသီးနှံတွေ ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်၊ ပဲစိမ်းစားဥ၊ ဖရဲသီး စသည်ဖြင့်ပေါ့"

"ဩော်... မော်ပေါက်က မုန့်စိမ်းပေါင်း ကြိုက်သကိုး၊ ငါလည်း မုန့်စိမ်းပေါင်းတို့ ဘာတို့ သိပ်ကြိုက်တာပဲကွ ဟီး... ဟီး"

မောင်မြက ကြိမ်စကို အားပြုဆွဲယူနေရင်း...

"ဘယ်ကလာ မုန့်စိမ်းပေါင်းကြိုက်ရမှာလဲ၊ သူဝယ်သမျှ မုန့်တွေအားလုံးလိုလိုက ကျွန်တော့်သား စားပစ်လို့ကုန်တာပဲ၊ သူကြိုက်နေတာက အဲဒီမိန်းကလေး၊ သူစွဲနေတာက အဲဒီအသံ၊ အသံပိုင်ရှင်မိန်းကလေးပေါ့ဆရာ"

"အသံ... ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ အသံ၊ မိန်းကလေးရဲ့ အသံကို သူစွဲပြီး အသံကို သူချစ်နေတာ နှစ်ရှည်ကြာပြီပဲဆရာ၊ အဲဒီမိန်းကလေးက ဘာကိုပြောင်းရောင်းရောင်း သူ့အသံကို မောင်ပေါက်မှတ်မိနေတယ်။ ပြောင်းဖူးဆိုလည်း ပြောင်းဖူးလာပါဦးပဲ၊ ထန်းပင်မြစ်ဆိုလည်း လာပါဦးပဲ၊ ငွေးသီးချိုချိုလေးဆိုလည်း လာပါဦးပဲ။ ပြီးတော့ သူစားတာက နည်းနည်းရယ်၊ ဒီကောင်မလေးအသံကို သူမကြားရရင် မနေနိုင်လောက်အောင် စွဲနေမိခဲ့တယ်။ လပေါင်းအတော်ကြာပြီဆရာ။ တစ်နေ့တော့..." မောင်မြသည် ကုလားထိုင်၏ ထောင့်ကွေးကို ကြိမ်ထိုးရမည်ဖြစ်ခြင်းကြောင့် ကုလားထိုင် အနေအထားပြောင်း၊ လူအနေပုံစံပြောင်း

mgyoe.com

mgyoe.com



နှင့် အလုပ်ရှုပ်နေသည်ကြောင့် စကားစပြတ်သွားသည်။ ဆန့်တငင်ငင်ဖြစ်နေသူမှာ ကျွန်တော်။

"တစ်နေ့တော့ ဘယ်လိုဖြစ်မလဲ ဆိုစမ်းပါဦး"

"တစ်နေ့တော့ ကောင်မလေးက အနေအထားပျက်လာတယ်။ ကျွန်တော်တို့ကတော့ ဘယ်သိမှာလဲ ကောင်မလေးကလည်း မပြောတော့ မသိဘူးပေါ့။ သိတာမြင်တာက ကျွန်တော်တို့ရဲ့သား။ တစ်နေ့တော့ ကျွန်တော့်သားက ပြောတယ်။ အစ်ကိုပေါက် ခင်ဗျားကောင်မလေးက ကိုယ်ဝန်ကြီးနဲ့ပါလား၊ ကိုယ်ဝန်တောင် ရှိနေပြီတဲ့"

"ဟင်..." ကျွန်တော့်နှုတ်မှ အာမေဍိတ်သံ ထွက်သွားသည်။

"အဲ... ဟင်...လို့ပဲ မောင်ပေါက်ဆိုနိုင်တော့တယ်။ နောက်အတော်ကြာမှ သူ့အိမ်ထောင်ကျသွားပြီကိုးလို့ ညည်းသံကလေးနဲ့ ပြောတယ်"

သူမသိ ငါကြိုက်၊ ငါကြိုက်နေသည်ကိုလည်း ဘယ်နည်းနှင့်မျှ မပြောသာသော ဘဝနှင့် အုံ့ပုန်းချစ်နေသူ မောင်ပေါက်၏ ခံစားမှုကို ကျွန်တော်က ရင်နှင့်မိသည်။

"နောက်တော့ကော"

"နောက်တော့လည်း သူ့အသံလေး ကြားနေရ တော်လှပြီဆိုတဲ့ သဘောနဲ့ ဆက်ပြီး ဟန်မပျက် ဝယ်တာပါပဲ။ သူချစ်နေတာက အသံကို ချစ်နေတာပဲ ဥစ္စာ။ ဒါပေမဲ့ ဒီထိအောင်တောင်မှ မောင်ပေါက် ကံမကောင်းရှာပါဘူး"

"ဘာပြုလို့"

"ဘာပြုရမလဲဆရာ။ တစ်နေ့ကျတော့ ကောင်မလေးရဲ့ မုန့်ရောင်းသံ ပေါ်မလာတော့ဘူး။ မောင်ပေါက် စောင့်ပါတယ်။ တစ်ရက်က နှစ်ရက်၊ တစ်ပတ်က နှစ်ပတ်။ သူနေ့တိုင်း မျှော်တာပဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com


ပေါ်မလာတော့ဘူး"

"ဩော်... မီးဖွားနေလို့ ဖြစ်မှာပေါ့"

ကျွန်တော်က ထင်မြင်ချက်ပေးသည်။

"မီးဖွားရုံဆို တော်သေးတာပေါ့ ဆရာ၊ အခုတော့ မီးဖွားရင်း မီးတွင်းမှာ ဆုံးသွားရှာပြီတဲ့။ ကျွန်တော့်သားက လိုက်စုံစမ်းလို့ သိရတယ်"

"ဟာဗျာ... အဖြစ်ဆိုးလိုက်တာ"

"ဒါပေါ့ ဆရာ၊ မောင်ပေါက် အဖြစ်က ပိုဆိုးပါတယ်။ သူ့မှာ မစားနိုင် မအိပ်နိုင်နဲ့ ကျိတ်ပြီးဆွေးနေရှာတော့တယ်။ ဩော်... လူဆိုတာ စွဲမိစွဲရာ စွဲတာကလား။ ရုပ်ကိုမမြင်ရ၊ ကိုယ်နဲ့လည်း ဘယ်လိုမှ မပတ်သက်၊ မသက်ဆိုင်တဲ့ အသံကိုတောင်မှ အုံ့ပုန်းချစ် ချစ်နေရတာနဲ့ ကျေနပ်တဲ့လူက ရှိသေးတယ်။ ခုတော့ အတော် နေသာထိုင်သာ ရှိသွားပါပြီ"

မောင်မြတို့ လင်မယား ကုလားထိုင်ကြိမ်ထိုးပြီး သွားပြီဖြစ်သော်လည်း ကျွန်တော်မှာ စကားဆက်မပြောနိုင်တော့ဘဲ အသံရှင်ကို အုံ့ပုန်းချစ် ချစ်နေခဲ့ရသူ မောင်ပေါက်အတွက် စိတ်မကောင်း ဖြစ်နေရပါတော့သည်။

* * *

မမျှော်လင့်သော ရက်တစ်ရက်တွင် မောင်ပေါက်အား ကျွန်တော် တွေ့ရသည်။ နေ့လယ်ခင်း ဗန္ဓုလပန်းခြံတွင် လူရှင်းသည့် ခုံတန်း တစ်နေရာ သစ်ပင်ရိပ်ကောင်းရာတွင် အနားယူနေ၏။ သူ၏ လက်ပွေ့ ရောင်း စာစောင်များကို ဘေးမှာချထားကာ ငေးမှိုင်နေသည်။

"ဩော်... မောင်ပေါက်၊ မင်းက ဒီကို ရောက်နေတာကိုးကွ"

mgyoe.com

mgyoe.com


"ဟာ… ဆရာဦးသော်ကပါလား၊ ဘယ်ကိုသွားမလို့လဲ ဆရာ"

"ဒီနားတင်ပါကွာ၊ လုံမလေး မဂ္ဂဇင်းတိုက်က ဆင်းလာခဲ့တာပဲ"

ကျွန်တော်သည် သူ၏ လက်ပွေ့ရောင်း စာစောင်များတွင်းမှ ရုပ်ရှင်အမြုတေစာစောင် တစ်အုပ်ကို ဆွဲယူလိုက်သည်။ နိုဝင်ဘာလထုတ် ဖြစ်၏။

"ဟေ… ဒီမှာ မောင်ရှုရဲ့ ကဗျာတစ်ပုဒ်ပါတယ်ကွ၊ မင်း မောင်ရှုကို သိတယ်မဟုတ်လား"

"ဘယ်မောင်ရှုလဲ ဆရာ"

"ဟိုကွာ၊ တို့များ လက်ဖက်ရည်ဆိုင် ဖွင့်ရောင်းတုန်းက တစ်နေ့လုံးလာထိုင်နေတဲ့ ကဗျာအုပ်စုက မောင်ရှုတို့ မောင်ကြည်မင်းတို့ပေါ့"

"ဪသိပြီဆရာ၊ ဟိုစကားအကြီးအကျယ်ပြောတဲ့ မောင်ရှု မဟုတ်လား၊ သူ့ကဗျာတွေက ကောင်းပါတယ်၊ ဘာတဲ့လဲ ဆရာ၊ နားထောင်ရအောင် ဖတ်ပြပါလား"

လူကလည်း ရှင်းသဖြင့် သူ့ကို ကျွန်တော်က ခံစားချက်သံစဉ်ဖြင့် မောင်ရှု၏ ကဗျာကို ရွတ်ဆိုပြလိုက်သည်။

"နားထောင်၊ ကဗျာနာမည်က နွေအရိပ်မှာ အိပ်တော်မူတဲ့။ အဟမ်း… အဟမ်း…"

နွေနေလှပ်လှပ်
တံလျှပ်မြားချက်
ရင်ညွှန့်ထွက်ဖောက်
မှူးနောက်ပြာဝေ
နွေလေရိုင်းရိုင်း
မုန်တိုင်းပစ်ခွင်း
ရင်ခွင်ထိမှန်

mgyoe.com

mgyoe.com


အခံပင်ခက် အချစ်ငှက်ပျံ။
နွေကိုဆေးကြော
မိန်းမောနွမ်းလျ
ခဏတရိပ် ချွေးသိပ်၍သာ
အတိတ်မှာပဲ အိပ်ပါရစေ။
အိပ်ပါရစေ ဆိုနေရင်းက
အလှပျက်သုဉ်း
ဘဝဆုံးလျက်
အသက်ကြီးရင့်
ပင့်သက်အချ
မျက်တစ်ခတ်တွင်
အစဉ်သုံးသပ်
မတ်တတ်ရပ်၍
အချစ်ငွေ့ကို တွေ့ထိခံယူ
မပူလိုပြီ ဒီနွေရိပ်မှာ
အိပ်တော်မူ။ ။

ကျွန်တော်က မောင်ရှု၏ကဗျာကို သံနေသံစဉ်ဖြင့် ရွတ်ဆိုပြနေစဉ်တွင် မောင်ပေါက်သည် ငြိမ်သက်စွာနားထောင်ကာ ကဗျာ၏ အသံလှိုင်းဝယ် လွင့်မြောပါနေဟန်တူသည်။ ပြီးမှ သူက..

"ဟာ... ကောင်းလိုက်တာ ဆရာရယ်။ ဒီကဗျာကို ကတ်ဆက်ခွေနဲ့ ကျွန်တော်ကူးယူချင်ပါတယ် ဆရာ။ ကျွန်တော့်ကို ကူညီပါလား"

"ဘာလဲ၊ မင်းက ဒီကဗျာရဲ့ ခံစားချက်ကို ထိသွားပြီ ထင်တယ်"

"ကဗျာကလည်း ကောင်း၊ ဆရာ ရွတ်ဆိုပြတာကလည်း မိလွန်းလို့ပါ။ ကျွန်တော်ဆရာ့ အသံကိုလည်း ကြိုက်သွားပြီ"

mgyoe.com

mgyoe.com


"ဘာကွ"

ကျွန်တော်က အလန့်တကြား မေးမိသည်။

"ဆရာ့အသံကိုပါ"

"တော် တော် မောင်ပေါက်၊ မင်းဟာ အသံရဲ့ ဖမ်းစားခြင်းမှာ အလွယ်တကူ ငြိတွယ်တတ်တဲ့ ငှက်တစ်ကောင်ပဲ။ ကဲ... ငါသွားမယ်၊ မင်းလည်း ခရေပင်ရိပ်မှာ တစ်မှေးအိပ်ပေဦးတော့"

ကျွန်တော် ဗန္ဓုလပန်းခြံတွင်းမှ ထွက်လာသည်တွင် ပန်းခြံတွင်း ခရေပင်ရိပ်ခုံတန်းရှည်ထက်၌ မောင်ပေါက် မှေးအိပ်ကျန်နေခဲ့သည်ဟု ထင်ပါသည်။

အမှတ်၇၉၊ ပေဖူးလွှာမဂ္ဂဇင်း
ဒီဇင်ဘာလ၊ ၁၉၈၇။

◆

mgyoe.com

mgyoe.com

# မာလာယု

၁၉၅၀ခုနှစ်၊ ဒီဇင်ဘာလအလယ်တွင် ကျွန်တော်တို့သည် မေယု သင်္ဘောဖြင့် စင်ကာပူသို့ ရောက်ရှိနေကြသည်။ ကျွန်တော်တို့မှာ အမေရိကမှ ပေးကမ်းစွန့်ကြဲမည့် ကမ်းစောင့်ကင်းလှည့် သင်္ဘော ကလေး ၁၀ စီးကို ယူဆောင်ရန်အတွက် ရောက်ရှိနေခြင်းဖြစ်သော ကြောင့် လူစုလူဝေးဖြင့် တော်တော်မြိုင်ဆိုင်လှပေသည်။ သင်္ဘောများ မှာလည်း နေ့ရောက်မည် ညရောက်မည်နှင့် ရက်ပြောင်းရွှေ့ဆိုင်းလာ ခဲ့ရာ ၂လ နီးပါးမျှ အချိန် ကြာခဲ့ပြီ၊ ကျွန်တော်တို့ကား အင်္ဂလိပ်ရေ တပ်စခန်း ဖြစ်သော H.M.S Terror ခေါ်သည့် အဆောက်အဦကြီး တွင် တည်းခိုနေထိုင်ကြရသည်။ ထို့နောက် မကြာမြင့်မီမှာပင် ကျွန်တော် တို့ မြန်မာတစ်စုအား အင်္ဂလိပ်တို့ စံပျော်ရာ 'တဲရား'ရွှေနန်းတော်မှနေ၍ ဆွန်မာလီ အာဖရိကန်တို့ နေထိုင်သည့်ဘက်သို့ အကြောင်းမပြဘဲ ပြောင်းရွှေ့ခိုင်းခဲ့သည်။ အင်္ဂလိပ် အရာရှိဆိုး အချို့တို့ကား ကျွန်တော် တို့တစ်တွေအား သင်းရိုလူဖြူ အုပ်စုနှင့် ရောနှောနေထိုင်သည်ကို

mgyoe.com

mgyoe.com


မျက်စိစပါးမွေး စူးနေခဲ့သည်။ အာဖရိကန်များနှင့် တန်းတူသွားရောက်နေစေခြင်းအားဖြင့် ကျွန်တော်တို့အား နှိမ့်ချရန် ကြိုးစားသည်။

ထိုအချိန်က မာလာယုအခြေမှာ အတော်ပင်ဆိုးနေသည်။ မာလာယု ကွန်မြူနစ်များက မျက်နှာဖြူ ဆန့်ကျင်ရေးစစ်ပွဲကို အပြင်းအထန် ဆင်နွှဲနေသည့်အလျောက် မာလာယု လုံခြုံရေးမှာ မငြိမ်မသက်ပင်ရှိသည်။ တစ်ယောက်စ နှစ်ယောက်စ မြို့ထဲတွင် ယောင်ပေပေလမ်းလျှောက်မိသော မျက်နှာဖြူများမှာ အစတုံး ပျောက်ဖျက်ခြင်းခံရသောသတင်းများ မကြာခဏကြားရသည်။ ထိုသို့ မငြိမ်မသက် ဖြစ်နေသောအချိန်မျိုးတွင် ကျွန်တော်တို့ တပ်သားများမှာ ယူနီဖောင်း မဝတ်ဘဲရှပ်အင်္ကျီ၊ ဘောင်းဘီရှည်ပွပွတို့ဖြင့် မလေးဆန်ဆန် ဆင်မြန်း၍ မလေးများနှင့် ရောနှောသွားလာသည်ကို ဂေါ်ရာများက မြင်ပြင်းကတ်လှသည်။ ကျွန်တော်တို့ မြန်မာများမှာလည်း မလေးနှင့် အသွင်အပြင်ချင်းခွဲခြား မရအောင် တူလှသည်။ စကားပြောမှသာ ခွဲခြားသိနိုင်သည်။ မျက်နှာဖြူများ မသွားမလာရဟု အမိန့်ထုတ်ဆင့်ထားသော(Out of Bound) ဖဲရှောင်ရပ်ကွက်များသို့ ကျွန်တော်တို့ ဘောင်းဘီဖင်ပွဆင်သလျက် ကြွမြန်းခဲ့ကြသည်။ ထို့ကြောင့်လည်း ရပ်ကွက်တစ်ခုလုံးလွတ်လပ်စွာ ကာမဈေးရောင်းဝယ်ဖောက်ကားကြသည့် လာဗင်ဒါလမ်းကြားတို့မှာ ကျွန်တော်တို့ ခြေရာချင်းထပ်မိ၏။

"ကြုံလာလျှင် ဟန်မများနဲ့၊ လာဗင်ဒါသွား..." ဟူသော ဆောင်ပုဒ်မှာ မာလာယု ဆောင်ပုဒ်ဖြစ်၍ မြန်မာပြည်မှ "ခေတ်မီသူတိုင်း ပင်လယ်ငါးစားသည်" "ဘာလိုချင်လျှင် ဘယ်မှာ စိတ်ချရသည်" ဆိုသော ဆောင်ပုဒ်တို့ကဲ့သို့ ခေတ်စားလှသည်။ ယင်းလမ်းကြားကြီး၌လည်းကောင်း 'ရှက်ကယ်ကလပ်' ဘေးရှိ ကမ်းစပ်မြက်ခင်းပြင်များတစ်ဝိုက်၌လည်းကောင်း ကျွန်တော်တို့ အိပ်ထဲမှ ရှိစုမဲ့စုဒေါ်လာများ

mgyoe.com

mgyoe.com


ခုန်ပေါက်ထွက်သွားကြသည်။

ကမ္ဘာ့အရှေ့ပိုင်း၌ စင်ကာပူကား ပျော်စရာ ရွှေမြို့တော်ကြီးပါပေ။ ရိုးရိုးနဲ့ ထူးထူးခြားခြား ပျော်လိုလျှင်လည်း အခြားနာမည်ကြီးနေရာများ ရှိသေးသည်။ စင်ကာပူ ရောက်၍မှ ထိုနေရာများသို့ မရောက်ခဲ့လျှင် 'ရောမမြို့တော်သို့ ရောက်ပြီး ပုပ်ရဟန်းကြီးကို မဖူးတွေ့ခဲ့ရသူ' ကဲ့သို့ ယူဆရမည်ဖြစ်သည်။ ၎င်းနေရာများကား နာမည်ကျော်ဟက်ပီးဝေါလ်ခေါ် ပျော်စရာ ကမ္ဘာနှင့် ဂရိတ်ဝေါ(လ်) ခေါ် မဟာကမ္ဘာစသည့် ကစားပွဲ၊ စားပွဲ၊ ပြပွဲ၊ ကပွဲစုံလှသည့် ပွဲရုံကြီးများ ဖြစ်ပေသည်။

ကဲ... စာရှုသူ မိတ်ဆွေ...၊ မိတ်ဆွေနဲ့ ကျွန်တော် ရှက်ကယ်ကလပ်မှာ ဗျစ်စုပ်ပြီး ဟက်ပီးဝေါလ်ခေါ်တဲ့ ပျော်စရာကမ္ဘာဆီကို သွားကြရအောင်၊ အေးအေးဆေးဆေးပေါ့ဗျာ၊ ဗျစ်စုပ်ထားတဲ့ ရေချိန်ကလေးနဲ့ဆိုတော့ ဟိုမှာ 'ဂျိုဂေး' လေးဘာလေးလုပ်ရတာ အရသာ ရှိတာပေါ့ဗျာ၊ 'ဂျိုဂေး' ဆိုတာ ဘာလဲသိချင်လား၊ ဟိုရောက်တော့ တွေ့ရမှာပေါ့လေ...၊ ကိုင်း... ရောက်ပြီဆရာ၊ ဒီဟာပေါ့ ဟက်ပီးဝေါလ် ဆိုတာ၊ ဝင်ခကတော့ တစ်ယောက်ကို ဆင့် ၅၀ တည်းပါပဲ၊ နေပါစေ နေပါစေ၊ ကျွန်တော် ပေးပါ့မယ်၊ ဟာ မဟုတ်တာကြီးဘဲဗျာ၊ ကျွန်တော် ပေးပါ့မယ်ဆိုမှပဲ...၊ ဒီမှာ အကြွေရှိပါတယ်...။

ဤသို့နှင့်ပင် ကျွန်တော်သည် ဘောင်းဘီအိတ် အင်္ကျီအိတ်လှည့်ပြောင်းနှိုက်ရင်း အချိန်ဆွဲရင်းနှင့် နောက်ဆုံး၌ မိတ်ဆွေပိုက်ဆံပဲအော်ထွက်သွားပြီးနောက် ကျွန်တော်တို့ ဟက်ပီးဝေါလ်တွင်းသို့ ဆိုက်ရောက်သွားကြသည်။ တော်တော်စားသာသော အကျင့်ကောင်းဖြစ်သည်။ ဟက်ပီးဝေါလ် အဝင်ဝ၌ ကုန်မျိုးစုံရောင်းသော ဈေးဆိုင်တန်းကြီးရှိသည်။ မီးချောင်းများ ထိန်ထိန်လင်း၍ ကမ္ဘာ့အရှေ့နှင့် အနောက်

mgyoe.com

mgyoe.com


ရောနှော ရှုပ်ထွေးနေသော လူမျိုးစုံတို့ကို အချိန်မရွေး တွေ့ နိုင်သည်။ နောက်တစ်နေရာ၌ သေနတ်လက်တည့်စမ်းလိုကြသူများ အတွက် စက်ကွင်းများ တသီတရီကြီး တွေ့ရမည်။ ဆင့် ၅၀ ခန့်ပေး လျှင် လေသေနတ်၊ ခဲသေနတ်၊ လျှပ်စစ်သေနတ် စုံလို့သာပဲ ဖြစ်သည်။ လက်တည့်စမ်းချင်လျှင် စက်ကွင်းပစ်၊ အပျော်သက်သက် အဖျက်အဆီး ဝါသနာပါလျှင် ပုလင်းခွံကို ခွမ်ခနဲပစ်ခွဲနိုင်သည်။ ဖန်သီးကို ဖောင်ခနဲ မြည်အောင် အုပ်ထည့်နိုင်သည်။ နို့ဆီခွက်ကို ငွမ်ခနဲနေအောင် ဆော် နိုင်သေးသည်။ ဒီဘက်နည်းနည်း ဆက်လျှောက်လျှင် မျက်လှည့်ရုံ ကလေး ဆယ်ပြားပေးဝင်ကြည့်မလား။ မြန်မာပြည် တောဘုရားပွဲတွေ ကလို အံ့ပွဲရုံကလေးတွေကလည်း များလှသည်။ ဝက်ကိုယ်နှင့် ဆိတ် ကလေး၊ ခါးကဦးချိုပေါက်သော နွား၊ ခြေထောက် ခြောက်ချောင်းနှင့် ကုလားထိုင် စသည်ဖြင့် ပိုက်ဆံ ၅ ပြား၊ ၁၀ ပြားကို ကြံဖန်လှည့်ပတ် ယူ၍ စီးပွား ရှာသူတို့ကိုလည်း တစ်ပြုံကြီး တွေ့ရမည်ဖြစ်သည်။ ရှေ့နားဆက်လျှောက်လျင်မူကား ချိုမြိန့်သော တူရိယာသံ လွင်လွင်ကို ပထမ ကြား ရမည်ဖြစ်သည်။ အနောက်တိုင်း တူရိယာဝိုင်းဆန်ဆန် ဖွဲ့စည်းတီးမှုတ်နေသော တူရိယာဝိုင်း၏ ရှေ့မီးရောင်အောက်တွင်ကား အင်္ဂလိပ်မ ကပြား၊ တရုတ်မကပြားနှင့် မြန်မာဆန်ဆန် ချောလှသော မလေးပျိုဖြူ အများအပြားတို့ကို တွေ့ရမည်ဖြစ်သည်။ အချို့မှာ စီတန်း ချထားသော ကုလားထိုင်များတွင် ထိုင်နေပြီး အချို့မှာ ဘောင်းဘီပွ ဝတ် မောင်အချို့နှင့် ကပွဲကြမ်းပြင်တစ်လျှောက် တွဲကနေကြသည်။ တွဲကနေကြသည် ဆိုသည့်အလျှောက် ယခုမြန်မာပြည်၌ ခေတ်စားနေ သော ရင်ချင်းအပ်ကပွဲမျိုးတော့ မဟုတ်ပါ၊ ထို့ကြောင့် ဤထူးခြားသော ကပွဲ ကို မလေးအခေါ် 'ဂျိုဂေး' ဟု ခေါ်ခြင်းဖြစ်သည်။ ဤအကမှာ မလေးတို့၏ ပျော်ပွဲကြီးဖြစ်၍ ကျွန်တော်တို့ကလည်း တော်တော်

mgyoe.com

mgyoe.com


သဘောကျသည်။ မိန်းကလေးအားလုံးမှာ တွဲကခြင်းဖြင့် အသက်မွေးကြသူများ ဖြစ်သည်။ ကဲ... မိတ်ဆွေလည်း ကချင်လာပြီလား။

ကချင်လျှင် လက်မှတ်ဝယ်ရမည်။ တစ်ဒေါ်လာပေးလျှင် ငါးစောင်ရ၏။ လက်မှတ်ပေါ်တွင် "ဤလက်မှတ်သည် ကသူတစ်ဦးသာလျှင် ခွင့်ပြု၍ ၂ မိနစ်သီချင်း တစ်ပုဒ်ကခွင့်ရှိသည်' ဟုရေးသားထားသည်။ တူရိယာ ဝိုင်းစလျှင် စီတန်းထိုင်နေသည့်ထဲမှ ကြိုက်နှစ်သက်ရာအမျိုးသမီးအား ထိုလက်မှတ်ကို သွားရောက်ပေးရသည်။ "ဘယ်သူနဲ့တွဲကချင်သလဲ မိတ်ဆွေ၊ ဩော်... ဟိုထောင့်နားက ပါတိတ်လုံချည်ကို မချုပ်ဘဲ ကိုယ်မှာပတ်ဝတ်ထားတဲ့ မလေးမ ကလေးလား၊ အေး... ဟုတ်တယ်ဗျ၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ ပထမတန်းပဲ ဆရာရေ့...၊ ခင်ဗျားနဲ့ ကျွန်တော် အကြိုက်ချင်းကလည်း တူလှချေလား၊ ဟီး... ဟီး... သွားပါ၊ လက်မှတ်သွားပေးချေပါ။ သူများ ဦးသွားလိမ့်မယ်..."

ကျွန်တော်သည် ဤသို့ မိတ်ဆွေအား မြှောက်ပေးပြီးနောက် စောင့်ကြည့်လျက် မျက်စိအရသာခံမည် ဖြစ်သည်။

မိတ်ဆွေ လက်မှတ်သွားပေးလျှင် အမျိုးသမီးသည် ရုပ်ရှင်ရုံပေါက် လက်မှတ်သိမ်းသကဲ့သို့ လှမ်းယူ၍ သူမ၏ လက်ပွေ့အိတ်ကလေးထဲတွင် သိမ်းထားလိုက်သည်။ ထို့နောက် မိတ်ဆွေနှင့်အတူ ကပွဲကြမ်းပြင်သို့ လျှောက်လာ၍ ကရန် အဆင်သင့်ပင်ဖြစ်သည်။ ယောင်လို့များတော့ သူမအသားကို သွားမကိုင်လိုက်နဲ့နော်၊ သွားလို့များကိုင်မိလျှင် တီးနေသော တူရိယာဝိုင်းသည် ဗြုန်းခနဲ ရပ်သွားတော့သည်။ လူအားလုံး၏ မျက်လုံးအစုံက မိတ်ဆွေကို "ခွေးမသား–သာသနာ ဖျက်၊ ဒီမှာ ဇိမ်ကျနေတုန်းဇိမ်ပျက်သွားတယ်" ဟူသော အကြည့်မျိုးနှင့် မိတ်ဆွေအား ဝိုင်းကြည့်ကြပေမည်။ သူမက မျက်နှာကလေးကို စူချင်စူထားမည်။ ပုပ်နေအောင် အောက်သိုးသိုး အချိုးမျိုး

mgyoe.com

mgyoe.com


လည်း ချိုးထားချင်ထားမည်။ အေးအေးဆေးဆေး ကချင်လျှင် မိတ်ဆွေက မြူးဇစ်ကို နားထောင်၍ ကကွက်တိုင်းခါးလှုပ်၊ တင်လှုပ်၊ လှုပ်ချင်ရာက စလှုပ် ပြီးနောက် ခြေထောက်များက စည်းကျဝါးကျ ရွေ့လျား ပေးရမည်။ ဤတွင် သူမကလည်း မိတ်ဆွေကို ပြုံးပြုံးကလေး မျက်နှာ ပေးနှင့် ကြည့်ပြီးနောက် ရှိသမျှအကုန် ရင်တုန်အောင် လှုပ်တော့သည်။ မိတ်ဆွေ နောက်သို့ဆုတ်လျှင် သူမက ရှေ့တိုး လိုက်လာသည်။ မိတ်ဆွေက ရှေ့တိုးလျှင် သူမက မခို့တရို့ကလေးကရင်း နောက်သို့ ဆုတ်သွားမည်။ မိတ်ဆွေက တစ်ပတ်လှည့်လိုက်လျှင် သူမလည်း လှည့်လိုက်သည်။ ယင်းသို့ ကြည့်နူးနှစ်သိမ့် တငြိမ့်ငြိမ့်ကနေဆဲတွင် ၂ မိနစ်သော အချိန်သည် ကုန်ဆုံးသွားပြီး တူရိယာဝိုင်း ရပ်စဲသွားတော့သည်။ ဤတွင် ဆင့် ၂၀ ဖိုး ကိစ္စပြီးလေတော့သည်။ နောက်ကျန်လက်မှတ်များနှင့်လည်း တစ်ချီတစ်ယောက်တွဲ၍ အမျိုးမျိုး လဲလှယ်ကနိုင်သေးသည်။ "တစ်ယောက်ဆို တစ်ယောက်ပကွယ်" ဆိုသကဲ့သို့ ကချင်လျှင်လည်း ကပွဲသိမ်းသည့် ည ၁၁ နာရီအထိ (ဘွတ်ခ်) လုပ်ထားလျှင် ထားနိုင်သည်။ အိတ်ထဲက ဒေါ်လာတွေတော့ ချောသွားနိုင်သည်။ ကနေဆဲ စကားပြောလိုလျှင်လည်း သဘောရှိပင် ဖြစ်သည်။ သို့သော် တချို့သာလျှင် အင်္ဂလိပ်စကားပြောတတ်သောကြောင့် လက်ဟန်ခြေဟန်နှင့်ပင် ချစ်တင်းဆိုရသည်။ ဤသည်လည်း တစ်မျိုးထူးခြား အရသာရှိသော ကိစ္စတစ်ရပ် ဖြစ်သည်။

ဤကဲ့သို့မှ 'ဂျီဂေး' မလုပ်ချင်သေး၊ အနောက်ယဉ်ကျေးမှု ရင်ချင်းအပ်ကပွဲ ပွတ်သဘင် နွဲချင်လျှင်လည်း အများကြီးရှိပါသေးသည်။ ဤ ပျော်စရာကမ္ဘာတွင်း၌ 'ဂျီဂေး'နှင့် ဘော်လ်ဒန့် ကပွဲရုံများ ၁၀ ခုခန့်ပင် ရှိမည်ထင်သည်။ ဤသို့သော ဘော်လ်ဒန့်ကပွဲတွင်း၌ ကျွန်တော်သည် "တီနော်" ကိုတွေ့ခဲ့ရခြင်း ဖြစ်သည်။ တီနော်မှာ အင်္ဂလိပ်

mgyoe.com

mgyoe.com


စကားကို ကောင်းစွာ ပြောနိုင်သော ကြေးစား အကသမကလေးဖြစ်သည်။ ဂျူးနှင့် ပြင်သစ် စပ်ကျထားသော ကပြားမလေးဖြစ်၏။

ထိုနေ့က ကျွန်တော်နှင့် မိတ်ဆွေတစ်ဦး ဖြစ်သော ရဲဘော်စံလင်းတို့သည် ဟက်ပီးဝေါလ်အတွင်းသို့ ရောက်ခဲ့ကြသည်။ စင်ကာပူ၌ အတန်ကြာပြီ ဖြစ်သည့်အလျောက် လူလည်များ ဖြစ်နေကြပေပြီ။ ကျွန်တော့်အိတ်ထဲတွင် လည်းဒေါ်လာ ၆၀(မြန်မာငွေ ၁၀၀) ခန့်မျှသာ ကျန်တော့သည်။ ကျွန်တော်တို့နှစ်ယောက်မှာ တစ်ညနေလုံး ဗျစ်စုပ်ထားကြသည့်အတွက် တော်တော်ပင် ရေချိန်ကိုက်နေကြသည်။ သောက်တာချင်းအတူတူ ရဲဘော်စံလင်းက အမြဲပိုမူးတတ်သည်။ သူသည် ချောင်းမျှမမြင်ဖူးသော ကုန်းခေါင်ခေါင်အညာဒေသမှ ရေတပ်သို့ဝင်၍ ပင်လယ်ကို ကျော်ဖြတ်သွားလာ ဗိုလ်ကျနေသူဖြစ်သည်။ အင်္ဂလိပ်၊ မြန်မာကျောင်းထွက်ဖြစ်သော်လည်း သူ အင်္ဂလိပ်စကားပြောတိုင်း ကျွန်တော့်မှာ ထမင်းနင်သလို ဆို့လာသည်။ လျှာကြီးကို ပြားလိုက်ခင်း၍ စာအုပ်ကြီးဖတ်သလို လေယူလေသိမ်း လုံးဝမပါဘဲ ပြောချတတ်သည်။ ပုန်းရည်ကြီးသံ ပါလှပေသည်။ သို့သော် ကျွန်တော်တို့ အညာသားချင်းဖြစ်၍ တွဲမိကြသည်။ သူ၏ ရိုးသားပွင့်လင်းမှုကို ကျွန်တော်က သဘောကျသည်။ လူတစ်ဦးတစ်ယောက်နှင့် ဒေါသဖြစ်၍ စိတ်တိုတိုင်း "နေပါဦး ခင်ဗျားက ဘယ်ရွာသားလဲ" ဟု ဇာတိကိုမေးပြီးမှ အစချီရန် ဖြစ်တတ်သည်။

ကျွန်တော်တို့သည် ခဏမျှ 'ဂျိုဂေး' ဝင်ကကြသည်။ ထို့နောက် ဘော်လ်ရွမ်း ကပွဲဘက်သို့ ခြေဦးလှည့်ခဲ့ကြပြန်သည်။ ကျွန်တော်က ၅ ဒေါ်လာဖိုးမျှ ကရန်အတွက် လက်မှတ်ဝယ်ခဲ့သည်။ ရဲဘော်စံလင်းကမူ ရင်ချင်းအပ်ကပွဲကို 'ဂျိုဂေး' လောက် သဘောမကျ၊ ကလည်း မကတတ်ဟုဆို၍ ဗျစ်စုပ်ရင်း ထိုင်ကြည့်နေသည်။ ကျွန်တော်သည် ကပွဲ

mgyoe.com

mgyoe.com


ပတ်ပတ်လည် ခန်းမတစ်လျှောက် ကြေးစားအကသမကလေးများကို မျက်လုံးကစားမိသည်။ အချို့မှာ ကိုယ့်အတွဲနှင့်ကိုယ် ကနေကြသည့် အလျှောက် ဘက်မရှိသူများသာ ထိုင်နေကြသည်။ ကျွန်တော့်မျက်စိသည် ကပွဲခန်းထောင့်တစ်နေရာမှ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းလှသော မျက်နှာဖြူမလေးတစ်ဦးကို သတိပြုမိသည်။ သူမသည် အနက်ရောင် ပိုးပျော့ဂါဝန်ရှည်ကြီးကို ဝတ်ထားသည်။ ကျွန်တော်က သူမထံသို့ တိုက်ရိုက်လျှောက်သွားပြီးနောက် လက်မှတ်တစ်စောင် ပေးလိုက်သည်။ ထုံးစံအတိုင်း သူမက လက်မှတ်ကို သိမ်းလိုက်ပြီးမှ မတ်တတ်ရပ်လိုက်၏။

ကျွန်တော်တို့သည် မြေခွေးထော့နဲ့ (Fox Trot) ကကွက်နှင့် တေးသွားအတိုင်း တွဲဖက်ကနေရာမှ သူမကပင် စတင်၍ အင်္ဂလိပ်စကားဖြင့်...

"ရှင် ထိုင်း(ယိုးဒယား) လူမျိုးလား..."ဟု မေးတော့သည်။

"မဟုတ်ပါဘူး..."

"ဒါဖြင့် အင်းဒိုနီးရှားလား...."

"မဟုတ်ပါဘူး။ မြန်မာပြည်ကပါ"

"ဘယ်မှာလဲ အဲဒီ မြန်မာပြည်ဆိုတာ"

ဤတွင်မှ ဒုက္ခလှလှကြီးရောက်ပေတော့သည်။ ကျွန်တော်လည်း သူတို့နားလည်မည့် အချက်ကို သိပြီးဖြစ်သည့် အလျှောက်...

"ရန်ကုန်ကို ဆိုလိုတာပါ..."

"ဪ... ရန်ကုန်ကကိုး၊ စိတ်ဝင်စားစရာပဲ..."

သူ ဘာကို စိတ်ဝင်စားသည်ဟူ၍တော့ ကျွန်တော် မသိပါ၊ ကျွန်တော်ကပင် စကားဆက်၍...

"ခင်ဗျား... အင်္ဂလိပ်အစစ်တော့ မဟုတ်ပါဘူးနော်..."

mgyoe.com

mgyoe.com


"ကျွန်မက ဂျူး (ရဟူဒီ) ကပြားလေ...၊ အဖေကတော့ ပြင်သစ်ပဲ၊ ဒါပေမဲ့ ငယ်ငယ်တည်းက စကော့ပူရောက်လာတယ်..."

"ဪ... ဂျူးလူမျိုးကိုး၊ စိတ်ဝင်စားစရာပဲ..."

ကျွန်တော်က သူ့စကားအတိုင်း ခြေရာလိုက်မိခြင်း ဖြစ်သည်။

"ဒါထက် ခင်ဗျားနာမည် မသိရဘူးလား..."

"တီနော်လို့ ခေါ်တယ်..."

"သိရတာ ဝမ်းသာပါတယ် တီနော်၊ ကျွန်တော့် နာမည်ကတော့ မြတ်ကျော်တဲ့..."

ယင်းသို့ ကျွန်တော်တို့ က ရင်းမတ်တတ်တစ်ယောက်နှင့် တစ်ယောက် မိတ်ဖွဲ့စကား ကောင်းနေဆဲ သီချင်းတစ်ပုဒ်ဆုံး၍ ဂီတသံရပ်သွားတော့သည်။ သူမကရင်း၏ နေရာသို့ ပြန်ထိုင်မည်ပြုစဉ် ကျွန်တော်က ဘောင်းဘီအိတ်ထဲမှ ၅ ဒေါ်လာဖိုး လက်မှတ် တစ်ထပ်လုံးကို သူမလက်တွင်းသို့ ထည့်လိုက်လေသည်။ အဓိပ္ပာယ်မှာ ၅ ဒေါ်လာဖိုး မကုန်မချင်း ပွဲတိုင်း၌ သူမနှင့်သာ ကျွန်တော်ကလိုသည်ဟု ဘွတ်(ခ်) လုပ်လိုက်ခြင်းဖြစ်၏။ သူမက ပြုံးရယ်လျက် လက်မှတ်များကို ယူသွားလေသည်။ ထိုနောက်တွင်မူ ကျွန်တော်တို့သည် သီချင်းတစ်ပုဒ်ပြီး တစ်ပုဒ် ဆက်တိုက်ကကြသည်။ သူမကလည်း စကားပြော ရေလည်သူဖြစ်သည့်အလျောက် တော်တော်ပင် ရင်းနှီးသွားခဲ့၏။ ည ၁၁ နာရီခန့်တွင် ကပွဲရုံပိတ်ရန် အချိန်နီးပြီဖြစ်သည့်အလျောက် ကျွန်တော်က စတင်လျက်...

"တီနော်... ဘယ်မှာနေသလဲ မသိရဘူးလား..."

"နံပါတ်...၊ ပေါင်ဂျောင်း ကတောင်း ရပ်ကွက်မှာနေတယ်..."

"ကပွဲပြီးလို့ပြန်ရင် ကျွန်တော် လိုက်ပို့ပါရစေလား..."

"နေပါစေ...၊ ဒုက္ခမရှာပါနဲ့ မစ္စတာမြတ်ကျော်"

mgyoe.com

mgyoe.com


"ဒုက္ခမပိုပါဘူး…၊ ကျွန်တော့်သူငယ်ချင်း တစ်ယောက်လည်း ပါလာပါသေးတယ်…"

ထိုည ကပွဲအပြီးတွင် ကျွန်တော်တို့သည် တက္ကစီ တစ်စင်းငှား ပြီးနောက် တီနော် နေထိုင်ရာ အိမ်ခန်းအရောက် လိုက်ပို့ကြသည်။ ကားပေါ်တွင် ရဲဘော်စံလင်းနှင့် တီနော်အား ကျွန်တော်က မိတ်ဆက် ပေးပြီး ဖြစ်သည့်အလျောက် သူတို့ချင်းလည်း စကားလက်ဆုံကျမိ တော့သည်။ ရဲဘော်စံလင်းက ထုံးစံအတိုင်း ခွေးကျိုးလှည်းနင်းသော အသံကြီးဖြင့် ရေပက်မဝင်အောင် ပြောတော့၏။ တီနော် ကားပေါ်မှ မဆင်းမီအတွင်းမှာပင် ရဲဘော်စံလင်းက နေ့လယ်ပိုင်း အားလပ်ခဲ့လျှင် လာမည့် စနေနေ့၌ ရုပ်ရှင်ပြလိုကြောင်း ဖိတ်မန္တကပြု၏။ လျှင်ပါပေ သည်။ အာဂ အညာသားပါတကားဟုလည်း ကျွန်တော် ဩချရပါ သည်။ ကျွန်တော်ကလည်း ဝင်ရောက်ထပ်မံ ဖိတ်မန္တက ပြုသဖြင့် တီနော်ကလက်ခံလိုက်၏။ ထိုညက ကျွန်တော်တို့ ပြန်ခဲ့ကြရာတွင် ရဲဘော်စံလင်းက "ဒီကလေးမ တယ်မဆိုးလှဘူးဗျ" ဟု မှတ်ချက်ချ လိုက်၏။ ။

စနေနေ့တွင် ကျွန်တော်တို့သည် ဟာဝေယံရုပ်ခေါ် ဖိုးရိုးဖားရား နှင့် ကိုးရိုးကားရား အရုပ်များ ရေးခြယ်ထားသည့် ရုပ်အင်္ကျီ ဘောင်းဘီ ဖင်ပွတို့ကို ဆင်သလျက် တက္ကစီတစ်စင်းဖြင့် အခံ့သား ထွက်လာခဲ့ကြ သည်။ တီနော်မှာလည်း တရုတ်မဆန်ဆန် ဟောင်ကောင် ဖက်ရှင်ခေါ် ခြေလှမ်းလိုက်တိုင်း တုတ်ခိုင်သည့် ခြေသလုံးသား ဝင်းဝင်းကြီးတွေကို ထင်းခနဲ လင်းခနဲ "ဟင်း" ချရလောက်အောင် တံကောက်ကွေးထိ လှစ်ပြတတ်သည့် ဂါဝန်တိုတို ကျပ်ကျပ်ကလေးကို ဝတ်လာသည်။

ရုပ်ရှင်ပွဲပြီးသည့်နောက် "ပေါ်တီကို" တွင် ထိုင်ကြလျက် အဖျော် ယမကာများသောက်ရင်း စကားဆက်ကြပြန်သည်။ တီနော်က မြန်မာ

mgyoe.com

mgyoe.com


ပြည်မှ အကြောင်းများကို နှိုက်နှိုက်ချွတ်ချွတ် စိတ်ပါဝင်စားစွာ လှျောက် မေးသည်။ ကျွန်တော်က နည်းနည်းကျဉ်းကျဉ်းမျှ ဖြေလျှင် ရဲဘော် စံလင်းက ဒိုင်ခံပြီး အကျယ်ချဲ့ ဖြေဆိုသည်။ ကျွန်တော်က စကားဖြတ် လျက်...

"တီနော်...ညတိုင်းပဲ ကပွဲရုံမှာ အလုပ်ဆင်းသလား..."

"ညတိုင်းတော့ မဟုတ်ပါဘူး၊ ဒိုပြင်အလုပ်နဲ့ ဝင်ငွေမစည်တဲ့ အခါ ကျတော့သာ ကပွဲမှာ လုပ်တာပါ"

"စနေ တနင်္ဂနွေနေ့တို့ တော့ကော..."

"တနင်္ဂနွေနေ့ နေ့လယ်ပိုင်းတော့ ဒိုပြင်အလုပ်ရှိသေးတယ်..."

"သြော်...သြော်..."

ကျွန်တော်က သူပြောသည့် "ဒိုပြင်အလုပ်" ဆိုသည့်အချက်ကို စဉ်းစားနေမိသည်။ သူများတကာ အားလပ်သည့် တနင်္ဂနွေနေ့ခင်းတွင် မှရှိသော "ဒိုပြင်အလုပ်" ကို ဆန်းစစ်ကြည့်မိသည်။ သို့သော် နောက် များမကြာမီပင် ကျွန်တော်သည် တီနော်၏ "ဒိုပြင်အလုပ်" ကို သိရှိခွင့် ရခဲ့တော့သည်။

ရက်သတ္တနှစ်ပတ်မျှ အတွင်း၌ ကျွန်တော်တို့နှင့် တီနော်မှာ မကြာမကြာတွေ့မြင်ခဲ့၍ အတူတကွ သွားရောက်လည်ပတ်ခြင်း ပြုခဲ့ ကြသည်။ ထိုစဉ်အတွင်း၌ ကျွန်တော်တို့ စောင့်မျှော်နေသည့် သင်္ဘော များလည်း ရောက်ရှိလာပြီ ဖြစ်သည့်အလျောက် အလုပ်မအားလပ် သည့် အခါမျိုးတွင် သွားရောက်မတွေ့နိုင်ချေ။ တစ်နေ့တွင် ရဲဘော်ကြီး စံလင်းသည် ကျွန်တော့် အနီးသို့ ချဉ်းကပ်လာလျက် ခပ်တိုးတိုးဆိုလာ သည်။

"ဟိုကိစ္စကို ဘယ်လိုဖြေရှင်းမလဲ ဖိုးမြတ်ကျော်"

"ဘယ်ကိစ္စလဲဗျ..."

mgyoe.com

mgyoe.com


"တီနော်လေ..."

"ခင်ဗျား... ဘာကိုဆိုလိုတာလဲ၊ ရှင်းရှင်းလုပ်စမ်းပါ..."

"ဒီလိုလေဗျာ၊ တီနော်ကို ခင်ဗျား စအသိဖွဲ့ပေး လို့ ကျွန်တော် သိရတာတော့ မှန်တယ်။ ဒါပေမဲ့ ခင်ဗျားနဲ့ ကျွန်တော် ဒီလိုသာ အတူတူ သူ့နောက်ချည်းလိုက်နေမယ်ဆိုရင် နှစ်ယောက်စလုံး ဘာမှခရီး မရောက်ဘဲ ငတ်လိမ့်မယ်၊ အဲဒါပဲ ဟဲ... ဟဲ... ဟဲ"

ကျွန်တော်ကလည်း သူဘယ်မျှအထိ ငမ်းသည်ကို သိရှိလိုသဖြင့် "ဒါကတော့ အ သူငတ်တမ်းပေါ့ဗျာ"

"ဒီလိုဆိုရင်တော့ ခင်ဗျားငတ်မှာ သေချာတယ်– ဟဲ... ဟဲ..."

ရဲဘော်စံလင်းက အချောင်အသားယူသွားပြန်သည်။ ပြီးနောက် ဆက်၍...

"ကျုပ်က ဒီလိုမလုပ်ချင်ဘူး၊ ခေါင်းပန်းလှန်မယ်၊ ရှုံးသူက ရှောင်ပေးလိုက်၊ ဘယ့်နှယ်ရှိစ"

ကျွန်တော်က အဆင်သင့်ပင် အိတ်ထဲမှ ဆယ်ဆင့်တန် ပိုက်ဆံ တစ်ပြားထုတ်လိုက်သည်။

"ကိုင်း... ဆို..."

"မျောက်" ရဲဘော်စံလင်းက ရွေးလိုက်သည်။

ဆယ်ဆင့်ပြားသည် ကျွန်တော့်လက်ထဲ ပတ်ချာလည်လျက် မြောက်တက်သွားပြီးနော် သဘော်ာ ကုန်းပတ်ပေါ်တွင် ချွမ်ခနဲ ကျလာ သည်။ တလိမ့်နှစ်လိမ့်ခန့် ကြမ်းပြင်တစ်လျှောက် လိမ့်သွားပြီးနောက် အရက်မူးသမား ခြေလှမ်းကဲ့သို့ ဒယိမ်းဒယိုင် အခြေပျက်ပြီးမှ ခွေခနဲ တစ်ဖက်သို့ စောင်းလှည့်ကျသွား၏။ ရဲဘော်စံလင်းသည် စိတ်အား ထက်သန်စွာဖြင့်ငုံ့ကြည့်ပြီးနောက် "မျောက်ကွ"ဟု အားပါးတရ အော် လိုက်သည်။ ထို့နောက် ရဲဘော်စံလင်းနှင့် ကျွန်တော်တို့သည် တိုက်ပွဲ

mgyoe.com

mgyoe.com


တစ်ခုကို ဝင်မည့်သူရဲကောင်းအား ချီးကျူးသည့်အလား လက်ဆွဲနှုတ်ဆက် လိုက်ကြ၏။ ကျွန်တော်ကပင်လျှင်...

"ခင်ဗျားဘယ်လို စီစဉ်မယ် စိတ်ကူးသလဲ" ဟု မေးမိသည်။

"ဒါက ခုမြင်ခုပျောက်ဆိုတာမျိုးမို့ ရေရှည်စစ်ဆင်ရေးမျိုး မရဘူးဗျ။ လျှပ်တစ်ပြက် တိုက်ပွဲစနစ်မျိုး သုံးရမယ်... ဟဲ... ဟဲ"

"ကျုပ်တို့ ပြန်ဖို့ရက်ကလည်း ကပ်နေပြီနော်..."

"ဒါကြောင့်ပေါ့ဗျ...၊ လာမယ့် တနင်္ဂနွေနေ့ နောက်ဆုံးထားပြီး အောင်မြင်မှုရရမယ်။ စစ်ရေးအရတော့ အဲဒီနေ့ဟာ "စ" ရက်ပေါ့ဗျာ၊ ဒီကနေ့ကြာသပတေး နေ့ဆိုတော့ (စ–၃) ဖြစ်တယ်။ "၃" ရက်အတွင်းမှာ အောင်ရမယ်ဗျာ... စိမ်လိုက်..."

ထို့နောက်ကား ကျွန်တော်တို့သည် ကတိအတိုင်းမြို့တွင်း သွားကြလျှင် တစ်လမ်းစီခွဲခဲ့ကြသည်။ ရဲဘော်စံလင်းက ဟက်ပီးဝေါလ်နှင့် ပေါင်ဂျောင်းဂဟောင်း စစ်ကြောင်းချီသည်။ ကျွန်တော်က ရှက်ကယ်ကလပ်နှင့် ရုပ်ရှင်ရုံများသို့ လှည့်ပတ်ကျက်စားနေရသည်။ စနေ့နေ့အထိကား ရဲဘော်စံလင်းမှာ ဘာမျှ အောင်မြင်မှုမရသေးဟု ခန့်မှန်းရပေသည်။

'စ'ရက်...။

ထို့နေ့ကား တနင်္ဂနွေနေ့ဖြစ်သည်။

ကျွန်တော်တို့သည် မြို့တွင်းသို့ နံနက် ၁၀ နာရီခန့်ကပင် ရောက်ရှိနေကြသည်။ ရဲ့ဘော်စံလင်းကမူ ညနေ ၃ နာရီခွဲမှ တီနော်နှင့်ချိန်းထားသည်ဟုဆို၍ နေ့ခင်းရုပ်ရှင်ဝင်ကြည့်ရင်း အချိန်ဖြုန်းရမည်ဟုဆိုကာ ကျွန်တော့်အား ခွဲထုတ်ထားခဲ့သည်။ ကျွန်တော်ကလည်း ရှက်ကယ်ကလပ်၌ ဗျစ်စုပ်ရင်း ဘိလိယက်ကစားနေခဲ့သည်။ ၁၂ နာရီခန့်တွင် ကျွန်တော်သည် ကလပ်မှ ထွက်လာပြီးနောက် ဂရိတ်ဝေါ(လ်)

mgyoe.com

mgyoe.com



ဘက်သို့"တေကိုးယတ်" ကုမ္ပဏီမှ တရော်လီဘတ်(စ)ကားကြီးဖြင့် လိုက်ပါလာခဲ့သည်။ ဂရိတ်ဝေါလ်မှာ ဟက်ပီးဝေါ(လ်)ကဲ့သို့ ကပွဲ၊ ပြပွဲရုံးဝင်းဖြစ်၏။ ခရီးအတန်ဝေးသည့်အလျောက် ကျွန်တော်တို့ မကြာခဏ မရောက်ခဲ့ချေ။ ကျွန်တော် ဂရိတ်ဝေါလ်ခေါ် မဟာကမ္ဘာ တွင်းသို့ ဝင်ရောက်ခဲ့ချိန်တွင် တနင်္ဂနွေနေ့ဖြစ်သဖြင့် လူများကြိတ် ကြိတ်တိုး စည်ကားလှသည်ကို တွေ့ရသည်။

ကျွန်တော်သည် တစ်ယောက်တည်း ယောင်ပေပေနှင့် လျှောက် လာရာ 'ပွမ်' ခနဲ တရုတ်မောင်းကွဲကြီး ထုသံကြားရသဖြင့် လန့်ဖျပ်သွား မိသည်။ ရုံကြီးတစ်ခုအတွင်းမှ ပရိသတ်များမှာလည်း 'ဝိုး' 'ဝါး' နှင့် ထိန်းသိမ်းမရ ပျော်ရွှင်အော်ဟစ်သံများ အပြင်မှ ကြားရသဖြင့် သိလို ဇောနှင့် ရုံတွင်းဝင်ရန် လက်မှတ်သွားခံရသည်။ ၃ ဒေါ်လာ ထွက်သွား သည်။

ရုံးတွင်းသို့ ကျွန်တော် ဝင်သွားရာတွင် အလယ်တည့်တည့် မီးရောင်များအောက်တွင် လက်ဝှေ့ကြိုးဝိုင်းတစ်ခုကို မြင်ရပြီးနောက် အကြီးအကျယ်မျက်လုံးပြူးသွားသည်။ လက်ဝှေ့ပွဲသာမန်ဆိုလျှင်တော့ ဤမျှ ချောက်ချားတုန်လှုပ်သွားရန် လိုမည်မဟုတ်ပါ။ အခု လက်ဝှေ့ ပွဲမှာ တရုတ်လက်ဝှေ့ပွဲမို့ ဖြစ်သည်။ တရုတ်လက်ဝှေ့ဆိုသည်မှာ ကြောက် ခမန်းလိလိကျောချမ်းဖွယ်ပင် ဖြစ်သည်။ အားလုံးသော သတ်ပုတ်နည်း များမှာ တရားဝင် ဖြစ်သည်။ တစ်ဖက်ရန်သူကို တွန်းလှဲ၊ ကိုင်ပေါက်၊ တက်ခွစီး၊ ဇက်ကိုလိမ်ချိုး၊ လက်ကိုလှန်ချိုး၊ ပေါင်ကိုဆွဲဖြဲ၊ မျက်လုံးကို ကုတ်၊ နားရွက်ကို လိမ်ဖဲ့၊ အာပေါင်ကိုဖြဲ၊ ဘာပဲလုပ်လုပ် တရားဝင် သတ်ပုတ်နည်းချည်းသာ ဖြစ်သည်။ ထိုတရုတ်လက်ဝှေ့ သက်သက်ဆို လျှင်လည်း ဤမျှအထိ တုန်လှုပ်ချောက်ချားဦးမည် မဟုတ်ပါ။ ယခု တော့ တစ်ဦးကိုတစ်ဦး ရက်ရက်စက်စက် သတ်ပုတ် တိုက်ခိုက်နေကြ

mgyoe.com

mgyoe.com


သော လက်ဖွေ့သမားများမှာ ကျွန်တော်တို့ ကိုယ်လုံး ကိုယ်ပေါက်မျှ မကသော အမျိုးသမီး လက်ဖွေ့သမားများ ဖြစ်ကြသောကြောင့်ပင် တည်း။

ကျွန်တော်ကြည့်နေရင်းပင် ရက်ရက်စက်စက် ဆော်ကြ တီးကြ ခြင်းများကို အားပါးတရ ကြည့်ရသည်။ အမျိုးသမီးများမှာ ကိုယ်ကျပ် အင်္ကျီနှင့် အသားကပ်ဘောင်းဘီတိုကလေးများ ဝတ်ထားသည်။ ဆံပင် များမှာ ဆွဲမရရန်အတွက် ရေကူးဦးထုပ်ကဲ့သို့ အလုံအခြုံဦးထုပ် ကလေးများ ဆောင်းထားသည်။ တချို့မှာ ပွဲအပြီး ထမ်းထုတ်သွားရ သည်ထိပင် ဖြစ်သည်။ကြာတော့ ကျွန်တော်လည်း ကြည့်ရဲလာသည်။ ပျော်လာသည်။ အားပါးတရအော်၍ပင် အားပေးလာတတ်တော့သည်။ တကယ်ဆော်ပလော်တီးလျှင် တကယ်ကြည့်ကောင်းသော ပွဲများပါပေ။

ပွဲဆက်အချီချီပြီးသည့်နောက် ပွဲသစ်တစ်ခုအစတွင် ကျွန်တော့် ရင်မှာ ဒိန်းခနဲ နေအောင် ခုန်သွား၍ ပုစွန်ဆိတ်လို တဖျပ်ဖျပ်ခုန်လာ သည်။ ဟုတ်မှ ဟုတ်ပါ့မလား မျက်စိကိုစုံပွတ်ကြည့်မိသည်။ ဟုတ်ပါ သည်။ တကယ့်ကို ဘုရားစူး ဟုတ်ပါသည်။ တစ်ဖက်ထောင့်မှ အချိုး အစားမကျ ပုပ်ပွပွ ကိုယ်ခန္ဓာနှင့် တရုတ်စပ်လိုလို၊ ပန်ချာပီ စပ်လိုလို၊ လက်ဖွေ့သမတစ်ဦး တက်လာသည်။ တစ်ဖက်ထောင့်တွင်မူကား အရေးမစိုက်သလို ခပ်တင်းတင်းပင် ရပ်နေတာ ကျွန်တော်တို့၏ တီ နော်ပင်ဖြစ်သည်။ ယခုမှ တီနော့် အဆက်အပေါက်ကို သေသေချာချာ ဂရုပြုမိသည်။ တုတ်ခိုင်သော ပေါင်တံများ၊ သန်မာလှသော လက် ကောက်ဝတ် လက်မောင်းအိုးကြီးများနှင့် ခိုင်မာသော လည်ပင်းတို့ကို သတိပြုမိသည်။ ရဲဘော်စံလင်းကား ညနေ တီနော်နှင့်တွေ့လျှင် မည် ကဲ့သို့ စစ်ဆင်ရမည်ကို အကြံထုတ်ရင်း ဘိုင်စကုပ်ရုံထဲ၌ ရှိပေလိမ့် မည်။

mgyoe.com

mgyoe.com



"ဝွမ်"ဟူသော မောင်းကွဲသံကြီးနှင့် အတူ လက်ဝှေ့ပွဲစတော့၏။ တစ်ယောက်နှင့်တစ်ယောက် လှည့်ပတ်၍ အကွက်ကောင်းကို ချောင်းနေကြသည်။ အလစ်တွေ့လျှင် တအားပစ်ခွင်းတော့မည် ကြက်ဖကဲ့သို့ မျက်လုံးများကလည်း စူးစိုက်ကြည့်ရှုနေသည်။ ပထမဆုံး တီနော်က စ၍ တရုတ်မကြီး၏ အရှိုက်ကို ခေါင်းနှင့် ပြေးဆောင့်လိုက်သည်။ ပေါက်ဖော်မက ဝင်လာသော ခေါင်းအရှိန်ကို အလိုက်သင့်ခံယူရင်း တီနော့်မျက်နှာကို ဒူးနှင့် ဆောင့်လိုက်၏။ ပရိသတ်များက ဝေါခနဲ တစ်ခဲနက် သြဘာပေးကြ၏။ ကျွန်တော့်နှလုံးသားများကား တဒိတ်ဒိတ် ခုန်နေတော့သည်။ တီနော်သည် တစ်ဖက်သို့ ဗြုန်းခနဲ ကျောခိုင်းလိုက်ပြီး ပေါက်ဖော်မအား ခါးစောင်းတင်ထမ်းလျှက် ကြမ်းပေါ် ပစ်ချလိုက်သည်။ ဂျူဒိုသိုင်းကွက် နိုင်နင်းခြင်း ဖြစ်၏။ ထို့နောက် ပက်လက်လဲကျနေသော ပေါက်ဖော်မပေါ်သို့ နောက်ပြန်တက်ခွစီးလျှက် ခြေချင်းဝတ်မှ ခြေဖဝါးများကို ကိုင်ချိုးထားသည်။ ပေါက်ဖော်မသည် မချိမဆံ့ရှုံ့မဲ့ရင်းက တီနော်၏ လက်များကို အရဖမ်းယူ၍ လိမ်ချိုးရန် ကြိုးစားနေသည်။ တီနော်က နောက်သို့ ပက်လက်လှန်ချလျှက် ကျွမ်းလိုမ်းပြီးနောက် လက်ကိုထုတ်ယူသည်။ ထို့နောက် ပေါက်ဖော်မ မျက်နှာကို စုံကိုင်ပြီးနောက် ဦးခေါင်းနှင့် ကြမ်းပြင်ကို အုန်းသီးခွဲသလို တဒုန်းဒုန်းနှင့် တအား ကိုင်ဆောင့်နေသည်။ ဒိုင်လူကြီးများက တီနော်ကို အနိုင်ပေးလိုက်သည်။ ပရိသတ်က တစ်ခဲနက် သြဘာပေးကြသည်။ ကျွန်တော်လည်း ဆက်လက် မကြည့်ရဲတော့သဖြင့် ရုံထဲမှ ရင်တုန်ထွက်လာခဲ့သည်။

ကျွန်တော် ရုံပြင်ရောက်လျှင်ပင် ပထမဆုံးရဲဘော် စံလင်းကို သတိရမိသည်။ ကျွန်တော့်ရဲဘော်ကို အချိန်မီ ကယ်တင်ရန်မှာ ကျွန်တော့်တာဝန်ဖြစ်သည်။ သို့သော် ရဲဘော်စံလင်းတို့များ ကံဆိုးချင်

mgyoe.com

mgyoe.com



တော့ ဘိုင်စကုပ်ကြည့်မည်ဟုသာ ကျွန်တော်သိရသည်။ ဘယ်ရုံမှန်း မမေးမိ၍ မသိရ၊ ကံကောင်းချင်တော့တပ်မှ ရဲဘော်တစ်ဦး ဝင်တိုးမိလျှင် ရဲဘော်စံလင်း တွေ့မတွေ့မေးကြည့်မိရာ ဟက်ပီးဟော(လ်)ရုံအနီး တွေ့မိကြောင်းသိရှိရဖြင့် တက္ကစီဖြင့် အမြန်လိုက်သွား၏။ ကံဆိုးချင်တော့ ဘိုင်စကုပ်ပြီး၍ အတန်ကြာမှ ရောက်သွား၏။ ရဲဘော်စံလင်းကို အရိပ်အရောင်မျှ မမြင်ရ။ ကံကောင်းချင်တော့ တီနော်တို့ အိမ်လိုက်သွားရင် ဖြစ်သားပဲဟု ကျွန်တော်က အကြံရ၏။ ကံဆိုးချင်တော့ ရဲဘော်စံလင်းက တစ်နေရာတွင် ချိန်းထားသည်ဟုသာ ပြောခဲ့သဖြင့် ဘယ်ဆီသို့ လိုက်ရမှန်းမသိ။ တစ်ညနေလုံး ကျွန်တော်သည် သူတို့သွားတတ်မည့်နေရာများသို့ လိုက်ရှာခဲ့၏။ အချည်းနှီးပင်တည်း။ ည ၉ နာရီကျော်မှ ကျွန်တော်တို့ စံမြန်းရာ ၁၅ မိုင်ကျော်ဝေးသော "ကဲရား" သို့ ပြန်ခဲ့ရတော့သည်။ အိပ်ရာထဲတွင်လည်း ကျွန်တော် အိပ်မပျော်သေး။ ရဲဘော်စံလင်းကား မပေါ်လာ၊ ချစ်ရဲဘော်အား ဘုရားသခင် စောင်မပါစေဟုသာ ဆုတောင်းရင်း အိပ်ပျော်ရတော့သည်။

နံနက်လင်းလျှင် ကျွန်တော်က ရဲဘော်စံလင်း၏ အခန်းဘက်ဆီသို့ လျှောက်သွားကြည့်သည်။ ဘယ်အချိန်က ပြန်ရောက်နေသည်မသိ၊ ရဲဘော်စံလင်းမှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်။ ကျွန်တော်တို့ ထမင်းစားခန်းမှ နံနက်စာ လက်ဖက်ရည်သောက်၍ ပြန်တက်လာမှ ရဲဘော်စံလင်းမှာ အိပ်ရာထက်တွင် ခေါင်းအုံးများကို ဆင့်မှီလျက် ငုတ်တုတ်ထိုင်နေသည်ကို တွေ့ရသည်။။ ကျွန်တော်က သူ့အခန်းအပေါက်တွင် ရပ်လျက်...

"ခင်ဗျားဗျာ... မနေ့က ရှာလိုက်ရတာ ဒေါင်းတောက်လို့" ဟု စတင်ပြောသည်။

ရဲဘော်စံလင်းကမူ အခန်းဝသို့ လှည့်၍မျှကြည့်ဖော်မရ။

mgyoe.com

mgyoe.com



"ကျွန်တော်တော့ ရယ်လည်း ရယ်ချင်တယ်ဗျာ၊ ဒါထက် ဘယ့်နှယ်လဲ... လျှက်တစ်ပြက်စစ်ဆင်ရေး အောင်ခဲ့ရဲ့လား..."

ရဲဘော်စံလင်းက မည်သို့မျှ မပြော၊ လှည့်၍မျှမကြည့်၊ သူသည် လက်ဟန်ဖြင့် ကျွန်တော့်အား ခေါ်ယူ၍ သူ့ခုတင်ရှေ့တည့်တည့် မျက်နှာတူရူတွင် ရပ်လာရန် ခေါ်ယူသည်။ ကျွန်တော့်မှာ အလွန်အံ့အားသင့်လျက် သူပြောသည့် နေရာတွင် သွားရပ်ရင်း...

"ဘာဖြစ်သလဲ စကားမပြောနိုင်ဘူးလား" ဟု စိုးရိမ်တကြီး မေးမိသည်။ သူက လည်ပင်းကို လက်ညှိုးထိုးပြလျက် ချည့်နဲ့နဲ့ အသံဖြင့်...

"ပြောနိုင်ပါတယ်၊ ဇက်ခိုင်နေလို့ လှည့်မရဘူး" ဟု တစ်လုံးချင်း မနည်းအားယူ ပြောရရှာသည်။ ကျွန်တော့်မှာ ငိုအားထက် ရယ်အား မသန်မိစေရန် မနည်းသတိထားလျက်...

"ဘယ့်နှယ် ဖြစ်တာတုံး..."

"ပြောချင်ပါဘူးဗျာ" ဟု သူက သဲ့သဲ့မျှ ဖြေရှာသည်။ ပြီးနောက်မှ ဒဏ်ရာများကိုပြသည်။ ဇက်ခိုင်နေသည်။ လက်ကောက်ဝတ်များမှာ အထိမခံနိုင်အောင် နာကျင်နေသည်။ ကျောပြင်တစ်ခုလုံး အောင့်နေ၍ စကားများများ မပြောနိုင်။ နောက်စေ့တွင် ဖူးရောင်နေသည်။

ကျွန်တော်သည် ရဲဘော်စံလင်းအား တီနော်အကြောင်းကို နောက်ထပ်လည်း မမေး၊ မပြောတော့၊ သူ့ထံမှလည်း မကြားရတော့။ ရက်များ မကြာမီအတွင်း ရဲဘော်စံလင်း စစ်ဆင်ရေး၏ (စ+၄) ရက်တွင် စက်ာပူမှ ထွက်ခွာခဲ့ကြသည်။ ကျွန်တော်တို့သည် နောက်ကွယ်၌ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်စ ပြုနေပြီဖြစ်သော မာလာယု ကျွန်းဆွယ်၏ စက်ာပူကမ်းခြေကို သမင်လည်ပြန် လှည့်ကြည့်၊ လှည့်ကြည့်နှင့်ပင် မြန်မာပြည်ဘက်သို့ ထွက်ခွာလာခဲ့ကြသည်။ မာလာယု၌

mgyoe.com

mgyoe.com


အပျော်မျိုးစုံ ပျောက်ခဲ့ရသော ရက်တို့ကား ကျွန်တော်တို့ဘဝ၏ အမှတ်ရစရာ နေ့ရက်များ ဖြစ်ပေလိမ့်မည်။

ရဲဘော်စံလင်းသည် သဘော်ဦးခန်းမှ တက်လာပြီးနောက် ယခုတိုင် တောင့်ခိုင်လျက်ရှိသော လည်ပင်းကြောင့် နောက်ပြန်လှည့်မကြည့်နိုင်သည့်အလျောက် မာလာယုဘက်သို့ တည့်မတ်စွာလှည့်ပြီး ခြေစုံရပ်ကာ သတိအနေအထားဖြင့် စမတ်ကျကျ အလေးပြုဆလံ သလိုက်ပေတော့သတည်း။ ။

မြဝတီမဂ္ဂဇင်း
နိုဝင်ဘာလ၊ ၁၉၅၆။

◆

mgyoe.com

mgyoe.com

# စလင်းရတုသဘင်

စာရေးဆရာအသင်း စာပေဗိမာန်နှင့် မည်သည့်နိုင်ငံခြားသံရုံး စသည် တို့ကမျှ ယောင်လို့ပေါင်လို့ အရေးတယူ ဖိတ်ကြားခြင်း မခံရဖူးသော ကျွန်တော်လို ပေါက်တတ်ကရ စာများရေးသူ စာရေးတပည့်၏ နောက် လိုက် လူ့ပါးမွှားကလေး တစ်ဦးက အချိန်အခါတစ်ခု၏ ၁၀ နှစ်မြောက် နှစ်ပတ်လည်ကို ရည်စူးကျင်းပသည့် 'စလင်း ရတုသဘင်' တစ်ခု၌ အကျအန တက်ရောက်ဆင်နွှဲခဲ့ရပါသည်ဆိုလျှင် 'မောင်သော်က' ဆို သည့် ငနဲသည် သက်သက်ထင်ပေါ်လို၍ ကြွားလုံးထုတ်သည်ဟု စာရှု သူက ထင်ကောင်းထင်ချိမ့်မည်။ မဟုတ်ရပါဘူးဗျာ...၊ ထင်ပေါ်ချင်ရင် အလွယ်သားပဲ ခင်ဗျာ့၊ ရှရှားက နောက်လွှတ်မယ့် အာကာသဂြိုဟ်တု စပတ်နစ် အမှတ် ၃ မှာ ကျွန်တော်လိုက်ပါရစေလို့ မော်စကိုက ဆရာ ကြီး ကရူးရှက်ထံ ကြေးနန်းရိုက် လိုက်ရုံမျှနှင့် တစ်ချက်တည်း ထင်ပေါ် နိုင်ပါသည်။ လိုက်မည်လို့သာ ရိုက်လိုက်ပါ၊ ခင်ဗျားကို ထည့်မလွှတ် ဘူးဆိုတာ သေချာပါတယ်။ ဒါမျိုးတွေကတော့ နောနေပါပြီ အဟမ်း...။

စလင်းရတုသဘင်ဆိုသည်မှာ ရန်ကုန်တက္ကသိုလ်သမဂ္ဂမှ ၂၅ နှစ် မြောက် ကြီးမှူးကျင်းပသည့် 'ငွေရတုသဘင်'ကို သံယောင်လိုက်

mgyoe.com

mgyoe.com


ကျင်းပခြင်းဖြစ်သည်။ ယင်းရတုသဘင် ဆင်နွှဲရာကား မေမြို့၏ တစ်ခုသော အရက်ဆိုင်အတွင်းမှာ ဖြစ်သည်။ ရတုသဘင်သို့ တက်ရောက်လာကြသော ပရိသတ်များမှာ ကျွန်တော်နှင့် ရတုသဘင်၏ ကာယကံရှင် ကိုဘထက်မျှသာ ဖြစ်သည်။ အတော်ကြီးကျယ်သော မင်းပွဲ စိုးပွဲဟုဆိုလောက်သည်။ အခြား ငိုစား ရယ်စားအနေနှင့် ဝိုင်းသောက်ကြသူများမှာ ဗိုလ်မျိုးမြင့်၊ စစ်ဘက် ကန်ထရိုက်တာ မောင်ကိုလေးနှင့် ကြာကူလီရုပ်ပေါက်နေသူ ကိုသန်းအပြင် သူ့တပည့်ကျော် 'ဆေးကွမ်းသီး' တို့ ပါဝင်ကြသည်။ 'ဆေးကွမ်းသီး' ၏ဇာတာအမည်နှင့် မွေးမိခင်ပေးအမည်တို့ကို ကျွန်တော်မသိသော်လည်း တစ်နေ့လျှင် ဆေးနှင့်ကွမ်းသီးသာ မဟာ မိတ်ဖွဲ့ထားသော ကွမ်းယာ ၅၀ ကျော်ကို စားနိုင်သည့် စံချိန်ကို တင်ထားသူဖြစ်ခြင်းကြောင့် ရိုသေကိုင်းရှိုင်းထိုက်သူ တစ်ဦးပါပေ။

စလင်းရတုသဘင်က 'ဆေးကွမ်းသီး' သို့ရောက်သွားခြင်းကို ခွင့်လွှတ်စေလိုပါသည်။ စလင်းရတုသဘင်ကိုလည်း ကျွန်တော်က မမျှော်လင့်ဘဲ တက်ရောက်ရခြင်းဖြစ်သည်။ ထိုနေ့က ကျွန်တော်နှင့် ဗိုလ်မျိုးမြင့်တို့အုပ်စုသည် မေမြို့သို့ မောင်ကိုလေး၏ ဖိတ်မန္တကပြုချက်အရ တက်ရောက်သွားခဲ့ကြသည်။ မေမြို့တွင် ကျွန်တော်တို့၏ အစ်မကြီး ဒေါက်တာဒေါ်ညိမ်း၊ ဆရာမ မမြတင်တို့လူစုဖြင့် ကန်တော်ကြီးသို့သွားကာ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဒေါက်တာက ကျွန်တော် ဒိုင်ဗင်ထိုးတာ ကြည့်ချင်လွန်းလှပါသည် ပူဆာသောကြောင့် ကျွန်တော်တို့ ညနေ ၅ နာရီ ကျော်လောက်၌ ချမ်း သည် အေးသည် ပဓာန မထားနိုင်ဘဲ ဘိတ်ဘရားသား ရေကူးကန် တွင် စတန့်၊ ဒိုင်ဗင်၊ ဖိုက်တင်၊ အိုက်တင်တို့ကို ဖုံးပေါလအောလုပ်၍ လူစွမ်းကောင်းပြကြရသေးသည်။ ကျွန်တော်သည် ဖြုန်းခနဲကျ၍ ကျောတစ်ပြင်လုံး

mgyoe.com

mgyoe.com


ကျိန်းစပ်စပ်ဖြင့် ၂ ချီလောက် အစွမ်းပြလိုက်ပြီးနောက် နှုတ်ခမ်းများ ပြာလာအောင် ချမ်းအေးလှသဖြင့် အရှိုးပေးတက် ပြေးရသည်။ ရေကူး ရမှာကို ကျွန်တော်က အင်မတန်ကြောက်သော လူစားမျိုးဖြစ်သည်။ ဗိုလ်မျိုးမြင့်မှာမူ ခွေးကို ကြိုးနှင့်တုပ်ပြီး ရေထဲကန်ချလိုက်သလို 'ဝုန်း' ခနဲ ကျအောင် ဒိုင်ဗင်အလှများ ဆက်ကာဆက်ကာ ပြနေပြန်သည်။ အာဂလူစွမ်းကောင်းပင် ဖြစ်၏။

ယင်းသို့ချမ်းအေးလှသည့် ရာသီဥတုတွင် အမျိုးသမီးများ မြှောက်ပေးမှုကြောင့် ဗိုလ်မျိုးမြင့်နှင့် ကျွန်တော်တို့ အအေးမိကာ အဖျား သွေးဝင်လာသည်။ ဒေါက်တာကစမ်းသပ်ကြည့်ပြီးနောက် "အဖျားရှိနေ သည်။ ဘရန်ဒီသောက်လိုက်ကြ"ဟု ညွှန်ကြားချက်ကြောင့် ကျွန်တော့် မှာ ကိုယ်တိုင်ကမကြိုက်လှသော်လည်း ဒေါက်တာ့ကို အားနာလှသည် မို့ ပိုင့်တစ်ပုလင်း ကုန်အောင်ဆိုင်ထိုင်သောက် လိုက်ရတော့သည်။

အောက်တိုဘာလ ဆောင်းဝင်စပြုပြီမို့ မေမြို့၏ ရာသီဥတုမှာ ကျွန်တော့်အဖို့ အတော်ချမ်းလာပြီဟု ဆိုရမည်ထင်သည်။ ချမ်းသော ရာသီဥတုမှာ နှာစေးအအေးပတ်လာပြီဆိုလျှင် ဘရန်ဒီသည် အကောင်း ဆုံး မဟာသြသဓ ဆေးတစ်ပါးပင်ဖြစ်သည်။

မန္တလေးလို ပူအိုက်ဖုန်ထူသော အရပ်၌ဆိုလျှင် မန္တလေး မီးရထား ဟိုတယ်တွင် ထိုင်ကာ ရေခဲစိမ် ဘီယာကို စုပ်ရခြင်းသည် ချမ်းမြေ့ သာယာလှပေ၏။

မိုးတစိမ့်စိမ့်ရွာတတ်သော ကျွန်တော်တို့ ရွှေဂုံမြို့တော်၌ဆိုလျှင် ရမ်နှင့်ဆိုဒါသည် သောက်သုံးသူအား အကျိုးထူး အာနိသင်ကို ဖြစ် စေ၏။

ဝိစကီဆိုသည်မှာ မြန်ပြည်တစ်လွှား ဘယ်နေရာသွားသွား၊ ဘယ်ရာသီ ဘယ်အချိန်မှာ သောက်သောက် ကောင်းတာချည်းပဲဟု

mgyoe.com

mgyoe.com


ရှေးပညာရှိကြီးတစ်ဦးက ဆိုဖူးပေသည်။

သို့ကြောင့် မေမြို့၏တစ်ခုသော ဟိုတယ်တွင်း၌ ကျွန်တော်တို့သည် ရာသီဥတုအရလည်းကောင်း၊ ကျန်းမာရေး အခြေအနေနှင့် ဒေါက်တာဒေါ်ညိမ်း၏ ဆေးညွှန်းကြောင့်လည်းကောင်း၊ ကြုံက်တတ်သည့် အကြောင်းကလေး တစ်ကြောင်းကြောင့်လည်းကောင်း အရက်ဝိုင်း ဖွဲ့လင့်ကြကုန် ၏။

အတော် အရှိန်ရနေပြီမို့ ပေါက်တတ်ကရ ပြောလာကြသည်။ အသားမည်းသော်လည်း အလွန်ဗိုလ်ဆန်ချင်သော မေမြို့သားများ ပီပီ ကိုသန်းက အမြည်းအတွက်ဆိုကာ သူ့တစ်ပည့်'ဆေးကွမ်းသီး'အား ဒိန်ခဲဘူးတစ်ဘူးပင် အဝယ်ခိုင်းနေပြန်သည်။

ကျွန်တော်က အရက်ဝိုင်းမှ ခေတ္တထကာ မေမြို့ လားရှိုးလမ်းမကြီး၌ မှုန်ရီရီထွန်းငြိထားသော မီးတိုင်များ အောက်ဝယ် အနွေးထည်လွှမ်းခြုံကာ ပုရစ်ဖမ်းနေသူတစ်စုကို စိတ်ဝင်စားနေမိသည်။ ယင်းသို့ မေမြို့၏ ညချမ်းချိန်ရှုကွင်းကို ထွက်ကြည့်လိုက်မှ တစ်ဖက်ချောင်ဝယ် တစ်ယောက်တည်း အရက်သောက်နေသူတစ်ဦးကို သတိပြုမိတော့သည်။ ထိုသူမှာ ဖလေဇာအင်္ကျီ၊ သက္ကလတ် ဘောင်းဘီရှည် ခေါင်းစွပ် မာဖလာများဖြင့် ဖုံးကွယ်ထားသော်လည်း မြင်ဖူးသလိုလိုရှိခြင်းကြောင့် ကျွန်တော်က အနားသို့ကပ်ကြည့်မိ၏။

"ဟာ... ကိုဘထက်ပါလားဗျို့"

ကျွန်တော့်မှာ ၁၁ နှစ်ခန့် ကွဲကွာနေသော မိတ်ဆွေကြီး ကိုဘထက်ကို မမျှော်လင့်ဘဲ တွေ့ရသည်မို့ ဝမ်းသာအားရ နှုတ်ဆက်လိုက်မိသည်။

"ဟ... ကောင်လေး၊ ထွားလိုက်တာ၊ တကယ့်အကောင်ကြီးကို ဖြစ်နေတာပါလား ဖိုးသော်ရ..."

mgyoe.com

mgyoe.com


ကိုဘထက်မှာ ကျွန်တော့်အား ဤကဲ့သို့ပင်'ကောင်လေး' ဟု ခေါ်လေ့ရှိသည်။ သူသည် ကျွန်တော့်ထက် များစွာအသက်ကြီးသည်။ ကျွန်တော်တို့ငယ်စဉ်က အရပ်ထဲတွင် သန်းတင်–ခွေးနီတို့နှင့် ခွေလှိမ့်၍ မဦးမညိုတို့နှင့် ပြေးတမ်းလိုက်တမ်း ထုပ်ဆီးထိုးတမ်း ကစားကြစဉ် အချိန်ကပင် သူတို့မှာ လူပျိုကြီးများ ဖြစ်ကြလျက် ဂေါ်ရေးပြနေကြပြီ ဖြစ်သည်။ သူ့မှာ များစွာပြောင်းလွဲခြင်းမရှိခဲ့၊ ရုပ်ကလည်း မကျလှသေး၊ ကျွန်တော့်လို သူ့မျက်စိအောက် ကြီးခဲ့ရသော ချာတိတ်များ လူတစ်လုံး သူတစ်လုံးဖြစ်၍ အရက်ခွက်ကိုင်နေသည်ကိုပင် လွန်စွာ အံ့အားသင့်နေပုံပေါက်၏။

"မင်းဘာလုပ်နေသလဲကွ"

သူက စိတ်အားထက်သန်စွာ မေးပြန်သည်။

"ကျွန်တော် ရေတပ်မတော်မှာ စစ်ဗိုလ်လေးဘာလေး လုပ်စားနေတယ်"

ကျွန်တော်က ရိုးသားစွာပင် ဖြေလိုက်သည်။

"အံမာ... တယ်ဟုတ်ပါကလားကွ၊ ဟန်ကျနေတာပေါ့..."

"ဆိုပါတော့လေ၊ မလောက်မငဖြစ်ရင်လည်း စာကလေး၊ ပေကလေး ရေးစားရသေးတာပါဘဲ..."

"အံမာ... ရှိး...၊ မင်းက စာရေးဆရာလည်းလုပ် ဆိုပါတော့၊ ကလောင်နာမည် ဘာတဲ့လဲကွ၊ ထိုင်ပါဦး"

သူက အရက်ကျိုက်ပြီး ကုလားထိုင်မေးငေါ့ပြ၏။

ကျွန်တော်က "ဟို အခန်းထဲမှာ ကျွန်တော့် မိတ်ဆွေတွေရှိသေးတယ်၊ ခဏတော့ ထိုင်သေးတာပေါ့ဗျာ၊ ကလောင် အမည်က မောင်သော်ကလေ..."

ယင်းသို့ မျှော်လင့်တကြီး ပြောလိုက်ခါမှ...

mgyoe.com

mgyoe.com


“ငါဖြင့် ကြားဖူးပေါင်ကွာ…၊ ငါလည်း တော်တော် စာဖတ်တဲ့ ကောင်ပဲကွ၊ မြစကြာတို့၊ မြဝဇီ၊ မော်စက်ရှင်တို့ဆိုတာ ငါသိပ်ကြိုက်တာပဲကွ” ဟု ဆိုလိုက်ပြန်သေးသည်။

ကျွန်တော့်မှာ ဗုန်းခနဲ လဲသေသွားချင်လောက်အောင် စိတ်ညစ်သွားမိသည်။ ယခုမှ ကိုဘထက်ရုပ်မှာ ကျောက်ဘီလူးသိုက် စာအုပ် မျက်နှာဖုံးလို မှော်ဆရာရုပ် ပေါက်နေသည်ဟု ထင်မိသည်။

ထိုအခိုက် ဆေးကွမ်းသီး ရောက်လာ၏။

“ဆရာ ကိုသော်က၊ ဒိန်ခဲယူဦးမလား”

“အေးဗျာ… ယူခဲ့ပါ၊ ကျွန်တော် ဒီက မိတ်ဆွေနဲ့ခဏ စကားပြောလိုက်ဦးမယ်၊ ခင်ဗျားတို့ အခန်းမှာပဲ သောက်နေနှင့်ကြပေါ့” ဟု ပြောလိုက်ရသည်။ တစ်ဖက်ခန်းတွင်းမှ ဆိုဒါပုလင်း ဖောက်သံများ ပေါ်ထွက်နေသည်။ ကိုဘခက်က…

“အလို့… အာဂကောင်လေးပဲ၊ ဆရာကိုသော်က ဆိုပါကလား၊ အင်း… မင်းစာရေးဆရာဆိုရင်တော့ ငါ့ဝတ္ထုတောင် ရေးစေချင်သေးတယ်”

“ဘာဝတ္ထုလဲ…၊ မောင်ဘထက် သိုက်လား၊ ထဘီခြုံဆရာကြီး ဇာတ်လမ်း လား…” ဟု ကျွန်တော်က ခနဲ့လိုက်သည်။

“ရှီး… ဘယ်ကလာ ထဘီခြုံ ဆရာကြီးရမှာလဲကွ၊ ဒါထက် မင်း မိန်းမရနေပြီလား၊ ဟေ့ပေါက်ဖော် ဘရန်ဒီ ၂ ခွက် ထပ်ယူခဲ့ကွာ…”

“ရပြီဗျ…”

“ဘယ်ကလဲကွ၊ မင်းအရင်ကျောင်းတုန်းက အသေအလဲချစ်လှချေရဲ့ ဆိုတဲ့ ဟိုကောင်မလေး၊ ဘာ… မြင့်ဆိုတာလေးနဲ့လား”

“ရွှေဘိုကပါပဲဗျ၊ ဒါပေမဲ့ ခင်ဗျားပြောတဲ့ ဘာမြင့်တော့ မဟုတ်ဘူး။ ခင်ဗျားကော ရပြီမဟုတ်လား”

mgyoe.com

mgyoe.com


"ဟား... ဟား... ဟား... ဟား... မေးမှ မေးပလေ ဖိုးသော်ရာ၊ ဟား... ဟား.... ဟား..."

ကျွန်တော့်မှာ ကိုဘထက် ရူးသွားပြီလားဟု ထင်လိုက်သည်။

"ဒီကနေ့ ငါဒီမှာ အရက်သောက်နေတာဟာ အဓိပ္ပာယ်ရှိတယ်ကွ ဖိုးသော်ရ၊ မိန်းမရပြီလားတဲ့၊ ဒီမှာလေကွာ၊ (အရက်ခွက်ကို မြှောက်ပြသည်။) ဒီမှာ ဒီကနေ့အောက်တိုဘာလ ၁၉– ရက်နေ့မဟုတ်လား၊ ငါ့အတွက် 'စလင်းရတုသဘင်' ကျင်းပတာပေါ့ကွ ဖိုးသော်ရ၊ ကိုင်း... မင်းခွက်ကိုင်စမ်း၊ လူပျိုကြီး ဘထက်၏ စလင်းရတုသဘင်အတွက် မင်္ဂလာအရက် သောက်လိုက်ကြစို့ရဲ့၊ သောက်..."

သူသည် ပြောပြောဆိုဆို တစ်ခွက်လုံး ဆက်တိုက်မော့ချလိုက်၏။

"ဘာလဲဗျ ခင်ဗျားဥစ္စာ။ လူပျိုကြီးလည်းဆိုရဲ့၊ မင်္ဂလာ စလင်းရတုသဘင်လည်းဆိုရဲ့။ ဘာတွေလဲ ဆိုစမ်းပါဦး"

ကျွန်တော်က နားမလည်သဖြင့် မေးမိသည်။

"ဟား... မင်းစာရေးဆရာလုပ်ပြီး တော်တော်အူတဲ့ကောင်ပဲ။ နားထောင်၊ စလင်းရတုသဘင်ဆိုတာ(Crystal Anniversary) လေ၊ အကြောင်းအရာတစ်ခု မင်္ဂလာတစ်ခုရဲ့ ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့လို့ဆိုတယ်၊ ငါရဲ့ ၁၀နှစ်မြောက် မင်္ဂလာနေ့ကြီးပေါ့ကွ"

"ခင်ဗျားဟာ ရှုပ်ကုန်ပါပြီဗျာ၊ ဒါဖြင့် ဘာကြောင့် ခင်ဗျား လူပျိုကြီးလို့ ဆိုရသေးသလဲ"

"အေး... အဲဒီလူပျိုကြီးဖြစ်ရခြင်းရဲ့ မင်္ဂလာပေါ့၊ အနို့မဟုတ်ရင် အို ငါပြီး... ပိုရှင်းသွားအောင် ထပ်သောက်လိုက်ဦးကွာ၊ လုပ်ပါ၊ ထပ်မှာထားသေးတယ်"

သူက အတင်းသာ အရက်ကို ဖိတိုက်နေပြန်သည်။ တစ်ဖန်

mgyoe.com

mgyoe.com


ဒိန်ခဲအမြည်းကို မြုံ့၍ထားရင်းက...

"ဒီလိုကွ...၊ ငါအရင် ငယ်ငယ်က ပိုးနေတဲ့ ခင်ညွန့်ကို မင်းသိမှာပေါ့" ဟု သူက စကားစ ပြန်သည်။

"သိတာပေါ့ဗျ၊ မင်းရင်ထဲက မခင်ညွန့်မဟုတ်လား၊ ခင်ဗျားမရလိုက်ဘူးလား၊ အခုဘယ်မှာလဲဗျ" ဟု ကျွန်တော်က ဆက်မေးမိ၏။

"အေး... ငါမရလိုက်ဘူး၊ ငါ့ကို ခါချသွားတယ်...၊ အခုဘယ်မှာလဲဆိုတာ ငါလည်း မသိဘူး၊ သိလည်း မသိချင်ပါဘူး"

သူ့အသံမှာ ထိုအချိန်က အမာကျောဆုံးဖြစ်သည်ကို သတိပြုမိပါသည်။

"သူငါ့ကိုခါချပြီး ချီပါက စက်ပိုင်တစ်ယောက်နဲ့ လက်ထပ်သွားတယ်၊ အဲဒီနေ့ကတော့ ၁၉၄၆ခု အောက်တိုဘာလ ၁၉ ရက်နေ့ပဲ..."

ကိုဘထက်သည် အရက်ခွက်ကို တစိမ့်စိမ့် စိုက်ကြည့်နေသည်။ တစ်ဖက်ခန်းမှ "ဟေ့ပေါက်ဖော်၊ ဘရန်ဒီတစ်လုံး ယူခဲ့ဦးကွ" ဟူသော ဗိုလ်မျိုးမြင့်၏ အသံ၊ "မောင်လေး... မောင်လေး... ထောင်ကို ပြေးတော့မယ်" ဟု သံပြာဆိုးနှင့် ဟစ်နေသော မောင်ကိုလေး၏ အသံတို့ ဆက်တိုက်ထွက်ပေါ်နေသည်။

"ဩော်... ဒါကြောင့် ခင်ဗျားရဲ့ ဝမ်းနည်းခြင်းကို အရက်မှာ စီးဆင်းနေတယ်ဆိုပါတော့"

ကိုဘထက်သည် လန့်နိုးသကဲ့သို့ ပြူးကြည့်လိုက်ပြီးမှ...

"ရှီး... ဘယ်က အမင်္ဂလာ စကားတွေလဲကွ၊ ဟိုတုန်းကတော့ ထားပါတော့၊ အခု အင်မတန် မင်္ဂလာယူနေတဲ့အချိန်ကွ" ဟု ဆိုပြန်သည်။

ကျွန်တော့်မှာ အသာ ငြိမ်နေလိုက်ရသည်။

"ခင်ညွန့်ဟာ မိန်းကလေးတစ်ယောက်အနေနဲ့တော့ တကယ်

mgyoe.com

mgyoe.com


ချင်ခရာပါပဲ ဖိုးသော်ရာ။ ရုပ်ချောတယ်၊ ကိုယ်လုံးကိုယ်ပေါက် လှတယ်၊ စကားပြော ကောင်းတယ်၊ ခေတ်ပညာလည်း တတ်တယ်၊ ကဲ... ဘာလိုသေးလဲ၊ သူ့ကိုကျတဲ့ ငနဲတွေ အပုံပေါ့။ ဒီတော့ငါ့လို ကုန်သည်ပွဲစား အစုတ်ကလေးခါချပြီး စက်ပိုင်ကို အရယူတယ်ဆိုတာ သဘာဝကျပါတယ်..."

သူသည် ဆေးပေါ့လိပ်တစ်လိပ်ကို ခေါင်းမှမှုတ်လိုက်ပြီး ဖင်ကို အရက်ခွက်တွင် အနည်းငယ်စိမ်ကာ မီးငြိနေပြန်သည်။

"ဒါပေမဲ့ ဘာဖြစ်တယ်ထင်သလဲ၊ စက်ပိုင်ကတော်လည်း ဖြစ်ပါရော ခင်ညွန့်ဟာ ရှမ်းပြည်က ဘုရားပွဲကစားဝိုင်းတွေမှာရော၊ ရန်ကုန်မြင်းပွဲကိုပါ ဆင်းပြီး ထင်သလိုကြဲတော့တာပဲ၊ ၂ နှစ်အတွင်းမှာ စက်ပိုင်ငနဲလည်း ရှိတာအကုန်ပြောင်၊ စက်ပါပေါင်ရတဲ့ အချိန်လည်း ရောက်ရော ခင်ညွန့်ဟာ အဲဒီငနဲကို စုံကန်ပြီး ကန်ထရိုက်သူဌေး အေးမောင် ဆိုတဲ့ကောင်နဲ့ လိုက်ပြေးသွားတယ်။

"လုပ်ကွာ... သောက်ပါဦး၊ မင်းက သိပ် 'ချို' တဲ့ ကောင်ပဲ၊ ပေါက်ဖော်ယူခဲ့ပါဦးကွ" သူသည် ဆေးလိပ်ကို ဖွာနေပြန်သည်။

"အေးမောင်နဲ့ကတော့ ကစားဝိုင်းမှာ ငြိလာကြတာပေါ့။ ဒါပေမဲ့ လင်ရောမယားပါ ကစားတဲ့ အိမ်ထောင်ဟာ ဘယ်မှာ မြဲပါ့မလဲကွာ၊ တစ်နှစ်ကျော်ကျော်ကြာတော့ ကွဲကြပြန်တာပါပဲ...။

"အေးမောင်နဲ့ကွဲပြီး တစ်နှစ်လောက် ငြိမ်နေလိုက်ပါသေးတယ်။ လင်သာမယူတာ၊ ကစားဝိုင်းကတော့ တစ်ပြည်လုံးလျှောက်ကစားရက်ပဲ ဟေ့၊ နောက်တစ်ခါတော့ တရုတ်ကပြား ချောချောကလေးပါကွာ၊ ဝတ်လုံတဲ့၊ အဲဒါနဲ့ ယူလိုက်ကြတယ်၊ ဒီတစ်ခါလည်း ၂ နှစ်လောက်ပဲ ဟေ့..."

"ကွဲကြပြန်ရောလားဗျာ" ကျွန်တော်က ကြားဖြတ်မေးလိုက်သည်။

mgyoe.com

mgyoe.com


"မကွဲဘူးမောင်ရေ့၊ ကွဲတာထက် ဆိုးသေးတယ်။ ဝတ်လုံငနဲ ငွေစားလာဘ်ယူမှုနဲ့ အမှုတွေဖြစ်လို့ အဆိပ်သောက်ပြီး သေသွားတယ်။ ခင်ညွန့် ပယောဂတွေပေါ့"

ကျွန်တော့်မှာ ကြက်သီးများပင် ထသွားမိသည်။ ကိုဘထက်သည် 'ဇော်ဂနီသိုက်' နှင့် 'ကဝေအော်သံ' တို့ကို ဖတ်ပြီး သူများတွေ ကြောက်အောင်ပြောသည့် နေရာ၌ ထူးချွန်လာသည်ဟု ယူဆလိုက်သည်။

"အင်း... မုဆိုးမ၊ တစ်ခုလပ်၊ နှစ်ခုလပ်ဆိုတဲ့ ဘွဲ့တွေရှိပေမဲ့ လည်း ခင်ညွန့်ဟာ ရုပ်ရော ကိုယ်လုံးကိုယ်ပေါက်ပါ ယောကျ်ားဆိုတဲ့ ငနွားတွေ သွားရည်ကျလောက်အောင် ဖြောင့်နေတော့ မုဆိုးမဘဝနဲ့ ကြာကြာမနေရပါဘူး။ ဟော... စစ်ဗိုလ်ကတော်တဲ့ မောင်...၊ ဂျစ်ကား တဝီဝီနဲ့ သွားနေတော့တာပါပဲ..."

"စစ်ဗိုလ်လည်း ယမ်းတောင့်တွေ လက်နက်တွေ ခိုးရောင်း ထောင်ကျဆိုပါတော့"

ကျွန်တော်က စကားကြောင်းပေးလိုက်ပြန်သည်။

"ထောင်မကျပါဘူး... တော်ပါသေးတယ်၊ တိုက်ပွဲမှာ နဖူးတည့် တည့် ကျည်ဆန်ထိလို့..."

ကျွန်တော့်မှာ ကျောချမ်းသွားမိပြန်သည်။

"ဒါတော့ သူ့ပယောဂ မဟုတ်ပါဘူး ထင်ပါရဲ့ဗျာ၊ ဒီမိန်းမ ကုသိုလ်ကိုက ဆိုးလို့နေပါလိမ့်မယ်" ကျွန်တော်က အခမဲ့ရှေ့နေလိုက်မိလိုက်သည်။

"သူ့ပယောဂ မပါရင်သာနေရမယ် လင်တိုက်ပွဲသွားတုန်း မယားက ဆရာဝန်တစ်ယောက်နဲ့ နောက်မီးလင်းနေတာတော့ မင်း ဘာပြောမလဲ..."

mgyoe.com

mgyoe.com


"အခု မခင်ညွန့်ဘယ်မှာလဲဗျ..."

"ငါမသိဘူးလေ...၊ သိလည်း မသိချင်ဘူး၊ ဒါပေမဲ့ တစ်နေ့ကျတော့ ကြားရဦးမှာပါပဲ၊ ဒါပေမဲ့ ဖိုးသော် (သူက အရက်ခွက်ကို ကိုင်မြှောက်ပြ၍ ကျွန်တော်ကလည်း ကိုင်မြှောက်လိုက်သည်) ငါ့ဘဝမှာ သီသီကလေးလွတ်သွားရတဲ့ အောက်တိုဘာလ ၁၉ ရက်နေ့ရဲ 'စလင်းရတုသဘင်' ကို ချီးမြှင့်သောအားဖြင့် လူပျိုကြီးဘထက်ရဲ့ အောင်ပွဲအနေနဲ့ ဆုမွန်ကောင်းတောင်းပြီး သောက်လိုက်ကြရအောင်"

ကျွန်တော်သည် သူ၏ ဆုမွန်ကို ကန့်ကွက်ဖွယ်ရာ မတွေ့တော့သည့်အလျောက် ခွက်ကိုမြှောက်၍ သောက်ချလိုက်ရပေတော့သည်။ 'စလင်းရတုသဘင်' အခမ်းအနားကို ရုပ်သိမ်းပြီဖြစ်၍ ကျွန်တော်သည် ကိုဘထက်ကို နှုတ်ဆက်ကာ မိတ်ဆွေများရှိရာ တစ်ဖက်ခန်းသို့ ကူးလာခဲ့သည်။

အခန်းတွင်းသို့ကြည့်လိုက်ရာ ဗိုလ်မျိုးမြင့်မှာ စားပွဲပေါ်တွင် မှောက်လျက်အိပ်ပျော်နေသည်။ ကိုသန်းမှာ ကြာကူလီမျက်နှာကလေးနှင့် အခန်းထောင့်ခေါင်းမှီကာ ပြုံးပြုံးကလေး'အောက်' နေသည်။ မောင်ကိုလေးမှာ အန်ဖတ်များ ကြားဝယ် စံပျော်နေသည်။ "ဆေးကွမ်းသီး' မှာ ရင်ဘတ်တစ်ခုလုံး ကွမ်းသွေးများရွှဲလျက် ကြမ်းပြင်ပေါ်မှာ တခေါခေါဟောက်နေ၏။ အခန်းတစ်ခုလုံးမှာ စီးကရက်တို ပြာခွက်၊ လဲကျနေသော ဖန်ခွက်၊ ပုလင်းလွတ်များဖြင့် စုပုံလျက်ရှိတော့သည်။

ကျွန်တော့် ရဲဘော်များကား နေ့တိုင်းကျင်းပမြဲဖြစ်သော 'ပုလင်းရတုသဘင်' ကိုဆင်ယင်ကျင်းပခဲ့ကြပြီး ဖြစ်တော့သတည်း။ ။

**မြဝတီမဂ္ဂဇင်း**

**ဇန်နဝါရီလ၊ ၁၉၅၈။**

◆

mgyoe.com

mgyoe.com

# ပင်တီ

"ဝှူး"

ဗိုလ်မှူးမြတ်ကိုသည် တစ်ချိန်က ဤဒေသ အနီးတစ်ဝိုက်တွင် ဆံပင်ပေါက်ခဲ့ပါသည်ဟု သက်သေပြနိုင်ရုံသာ ဆံပင်မွေးလေးငါးပင် ကျိုးတိုးကျဲတဲ ကျန်ရစ်ခဲ့သည့် သူ၏ ထိပ်ပြောင် နဖူးကျယ်ကြီးကို လက်ဝါးဖြင့် 'ပြန်း' ခနဲ ရိုက်ရင်း အထက်ပါအတိုင်း ပါးစပ်မှ လေကို မှုတ်ကာ ကုလားထိုင်နောက်မှီပေါ်သို့ စိတ်ပျက်လက်ပျက် မှီချလိုက်သည်။

"အ ပါပေ့ အောင်ဘော်ရာ၊ ဂုဏ်ထူးနဲ့ကို အ ပါပေတယ်..."

ယင်းသို့ ထပ်မံ ညည်းညူ လိုက်ကာမှ နံဘေးတွင် ရပ်နေသော ဗိုလ်အောင်ဘော်မှာ ပိုမို၍ မနေတတ်မထိုင်တတ် ဖြစ်လာသကဲ့သို့ လက်ထဲမှ ဦးထုပ်ကို အကြောင်းမဲ့ လိမ်ဖျစ်နေမိတော့သည်။

"နေပါဦး... မင်းကို ဘယ်သူကများ အင်းယားဂါဒင် ခေါ်သွားသလဲ..."

mgyoe.com

mgyoe.com



"ဗိုလ်ကြီး ခင်မောင်သွင်ပါ…"

"ဒီကောင်ကြီးဟာ ဒီလိုပဲ၊ မင်းတို့ကလည်း စစ်ဗိုလ်လေး ဖြစ်လာတယ်ဆိုရင် ဒန့်စ်လေး ဘာလေးတော့ တတ်ထားမှဆိုပြီး မနေ့တစ်နေ့က အညာမှာ ပဲရေပွစားလာတာ သတိမရတော့ဘူး၊ အောက်ခြေကို လွတ်ချင်ကြတာကိုး… ကွ၊ ဆိုစမ်းပါဦး… ဒီ့ပြင် ဘယ်သူပါသေးကလဲ…"

"သူ့အဆက် ကမ္ဘောဇရဲ့ သမီးပျိုရယ်၊ နောက်ပြီး သူတို့နဲ့ပါလာတာက ခုနင်က ကျွန်တော်ပြောတဲ့ ခင်ခင်မူဆိုတဲ့ အမျိုးသမီးရယ်၊ ကျွန်တော်ရယ်ပါပဲ၊ ဟိုရောက်တော့ ဗိုလ်မှူးမောင်မောင်ကြိုင်တောင်တွေ့သေးတယ်…"

"ဟာ.. ဒီငနဲကတော့ သူ့ကိုယ်သူ ဒန့်စ်ဟောလ်ထဲမှာ မမွေးတာတောင် စိတ်နာနေတာပဲ…၊ ဒဗလျူ မောင်မောင်ကြိုင်ဆိုတာ သူ့ရဲ့ အနွတ္တ အမည်တစ်ခုပေါ့…"

"အစကတော့ အတော်ဟန်နေသား ဗိုလ်မှူးရဲ့"

"အေးလေ… မင်းဥစ္စာက ဟုတ်မှမဟုတ်ဘဲ…၊ သူ့လက်ဝါးနဲ့ မင်းပါးကို ရိုက်လိုက်တာပဲ ကံကောင်းသေးတော့တယ်…၊ ဖိနပ်နဲ့ မဆော်ပေလို့သာပေါ့၊ ခုံမြင့်ဖိနပ်ဆိုရင် သိပ်တော့ မသက်သာလှဘူး…"

ဗိုလ်အောင်ဘော်သည် ကံကောင်းလှသော သူ၏ပါးပြင်ကို လက်ဝါးဖြင့် မသိမသာ စမ်းလိုက်မိသေး၏။

ဗိုလ်မှူးမြတ်ကိုသည် စီးကရက်တစ်လိပ်ကို မီးညှိရင်း…

"မင်းက အစက ဒါကိုမမြင်မိဘူးလား၊ မမြင်ဖူး ဘူးလားကွ"ဟု မီးခိုးများကြားက လှမ်းမေးနေသည်။

"တစ်ခါမှ ကျွန်တော် သေသေချာချာ သတိမပြုမိဘူး ဗိုလ်မှူး၊

mgyoe.com

mgyoe.com


ပထမဆုံး သူနဲ့တွဲက တော့ ကျွန်တော့လက်က သူ့ကျောပေါ် စမ်းကြည့်မိတယ်၊ မတွေ့ရဘူး။ ဒါနဲ့ တစ်ချိန်က အပြီးမှာ သူ့ရှေ့က လျှောက်တော့ ကျွန်တော် နောက်ဘက်ကို လိုက်ကြည့်မိတယ်..."

"ကြည့်တော့ ကျောပြင် ပြောင်တလင်းကြီးတွေတယ် ဟုတ်စ..."

"ဟုတ်တယ် ဗိုလ်မှူး၊ ကျောမည်းမည်းကြီးမှ ပြောင်နေတာပဲ၊ ဒါနဲ့ ကျွန်တော်လည်း တကယ့်စေတနာအရင်းခံနဲ့ပါ..."

ဗိုလ်အောင်ဘော်သည် ဝမ်းနည်းသံ ကလေးပင် ပါလာသေးသည်။

"ဆိုစမ်းပါဦး၊ စေတနာတွေနဲ့ ဘာပြောလိုက်သလဲ မင်းက..."

"ဒီမှာ မူမူ၊ အိမ်သာခန်းထဲသွားပြီး လုပ်ရင်လုပ်လိုက်ဦး၊ ခင်ဗျား ဘော်လီကြိုး နောက်ဘက်မှာ ပြုတ်နေတယ်လို့ တိုးတိုးကလေး ပြောလိုက်တယ်..."

ဗိုလ်အောင်ဘော်သည် ရှေ့မဆက်ဝံ့သကဲ့သို့ စကားတန့်သွားပြန်သည်။

"အဲဒီတွင် သူကလည်း ဖြုန်းဆို နေရာကထ လက်ပွေ့အိတ်ကို ကိုင်တော့ ကျွန်တော်ကလည်း သူအိမ်သာသွားမယ်ထင်ပြီး ကြည့်နေတုန်းမှာ..."

"ဆိုပါဦးကွ၊ ဆက်ပါဦး..."

"ကျွန်တော့်မျက်နှာကို လက်ပွေ့အိတ်နဲ့ ဖျတ်ခနဲ တစ်ချက်လှမ်းရိုက်လိုက်တယ်။ ပြီးတော့မှ ကိုခင်မောင်သွင်၊ ကျွန်မ ပြန်တော့မယ် လိုက်ပို့ပါ။ ရှင့်လူ သိပ်စော်ကား မိုက်ရိုင်းတာပဲလို့ ပြောတယ်။ ကျွန်တော်လည်း ရှက်ပြီး ဘာမှ ပြန်မပြောနိုင်ခဲ့ဘူး ဗိုလ်မှူး..."

"ဒါနဲ့ သူတို့ ပြန်သွားကြရောလား..."

ဗိုလ်မှူးက ဆက်မေးသည်။

mgyoe.com

mgyoe.com


"ပြန်သွားတာပေါ့ ဗိုလ်မှူး၊ ခင်မောင်သွင်ကြီးကတောင် ကျွန်တော့် ကြောင့် ပျက်စီးရတယ်ဆိုပြီး သူ့ကားစုတ်ကလေးနဲ့ သုံးယောက်သား ပြန်သွားကြတယ်။ ကျွန်တော့် ထားပစ်ခဲ့ကြတယ်..."

"ဟုတ်သားပဲကွ၊ မင်းကဂြိုဟ်ကောင်ပဲ၊ နေပါဦး အောင်ဘော် ရာ...။ မင်း အညာသားဆိုပြီး အ လိုက်တာကလည်း ကမ်းကုန်ပါရော၊ ကုပ်မှာချည်တဲ့ 'ဘောက်တောက်ဇာဘော်လီ' တို့၊ ကြိုးလုံးဝမပါတဲ့ 'ဟက်ပက်ဇာဘော်လီ'တို့ ဖက်ခွက်ပုံသွင်းတို့ဆိုတာ မမြင်ဖူးဘူးလား ကွ..."

ဗိုလ်အောင်ဘော်သည် ဆရာ့ရှေ့တွင် အဖြေမပေးနိုင်သော ကျောင်းသားလေးကဲ့သို့ ငိုင်တိုင်တိုင် ရပ်နေရှာသည်။

"တစ်ခါမှ သေသေချာချာ မလေ့လာမိသေးဘူး ဗိုလ်မှူး..."

"အေး... လေ့လာ၊ လေ့လာလို့လည်းပြီးရင် မင်းသွားတွေလည်း အကုန်ကျွတ်မှာပဲ၊ ရေတပ်ဗိုလ်တစ်ယောက်လုပ်ပြီး မင်းလောက် အတာ မရှိသေးပါဘူးကွာ။ ကဲ... မင်းဖောလ်စီဆိုတာ သိသလား..."

"ဖောလ်စီဆိုတာ ဟို... ဟို..."

"မင်းမသိပါဘူးကွာ... မသိရင်ဖြီးမနေနဲ့၊ တစ်နေ့ မိသွားမယ်..."

"ဟုတ်ကဲ့... မသိပါဘူး..."

"ဘာရာစီယာဆိုတာ သိလား..."

"မသိပါဘူး ဗိုလ်မှူး..."

"ကိုးတက်(စ်)..."

"အား... အဲဒါတော့ သိတယ် ဗိုလ်မှူး၊ လက်သည်းဆိုးဆေးပဲ..."

"ဝှူး..."

ဗိုလ်မှူးမြတ်ကိုသည် မေ့မြောမသွားရန် မနည်းသတိထိန်းထားရ တော့၏။

mgyoe.com

mgyoe.com


"စိတ်ကုန်တယ်၊ စိတ်ကုန်တယ် အောင်ဘော်၊ မင်းအဘ လက်သည်းဆိုးဆေး ရမှာလားကွ၊ ငါ မပြောလိုက်ချင်ဘူး၊ လက်သည်းဆိုးဆေးက ကြုတက်စ်ပါ ဟဟောင်ရ၊ အင်း... ဤလည်း တစ်ဒုက္ခပါပဲကွာ။ ကဲ... နောက်ဆုံး 'ပင်တီ' ကိုကော သိပလား"

ဗိုလ်အောင်ဘော်သည် လက်မြှောက် အရှုံးပေးလိုက်တော့၏။

"မကြားဖူးပါဘူး ဗိုလ်မှူး..."

"အင်း..." ဗိုလ်မှူး မြတ်ကိုသည် လေရှည်ဆွဲ ညည်းလိုက်ပြီးမှ တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သကဲ့သို့ အမိန့်ပေးတော့မည့်အသွင့်မျိုးဖြင့်...

"ဗိုလ်အောင်ဘော်"

"ရက်စ်ဆား..."

"မင်းမှာ အရာရှိတစ်ယောက်အတွက် အရည်အချင်း မပြည့်စုံသေးဘူးဆိုတာ ငါတွေ့ရပြီ၊ ဒီတော့ မင်းရဲ့ အရည်အချင်းကို အဖက်ဖက်မှာ မြှင့်တင်ရလိမ့်မယ် ဟုတ်လား"

"ဟုတ်ကဲ့..."

"အဲဒီတော့ ဒီနေ့တနင်္လာနေ့၊ မင်းကိုငါ ၇ ရက်အချိန်ပေးမယ်ကွာ။ ဒီရက်အတွင်းမှာ ဘာမှငါစကားစပ်မမေးလိုဘူး။ ဒီရက်အတွင်းမှာ မင်းဟာ အမျိုးသမီး တစ်ယောက်ကို စွံအောင် စွမ်းဆောင်နိုင်ရမယ်"

ဗိုလ်အောင်ဘော်မှာ ကမျဉ်းနီမ အကိုက်ခံရသကဲ့သို့ တွန့်သွားမိ ပြီးမှ "ဟာ... နေပါဦး ဗိုလ်မှူး..." ဟု အလန့်တကြား အော်မိသည်။

"ဘယ်က အမျိုးသမီးလဲ ဗိုလ်မှူး..."

"ဒါ ငါ့အပူမဟုတ်ဘူးလေ...၊ မင်းဘာသာမင်း ဆေးရုံကြီးတို့၊ ဒပ်ဖရင်တို့၊ ဝိုင်ဒဗလျူစီအေတို့၊ အင်းယားတို့၊ ဘင်တန်တို့ ကြိုက်တဲ့ စားကျက်ထဲမှာ သွားစားပေါ့..."

mgyoe.com

mgyoe.com


ဗိုလ်မှူးမြတ်ကိုသည် သူ့အစီအစဉ်ကို အတော်သဘောကျနေဟန်ဖြင့် နှစ်ခြိုက်စွာ ပြုံးလိုက်ရင်း...

"အင်း ၇ ရက်အတွင်းမှာ ဘယ်လောက်စွဲသလဲဆိုတာ သက်သေခံပစ္စည်းနဲ့အတူ လာရမယ်။ သက်သေခံပစ္စည်းကတော့ 'ပင်တီ' ကို ရအောင်ယူခဲ့ရမယ်။ 'ပင်တီ' ဆိုတာ ဘာလဲဆိုတာကတော့ မင်းဘာသာ စုံစမ်းပေါ့။ အေး... အခုငါချမှတ်ပေးတဲ့ 'အောင်ဘော်စစ်ဆင်ရေး' ကို အောင်မြင်သည်အထိ မဆောင်ရွက်နိုင်ဘူးဆိုရင် ကြူ– အာရ်– အင် အေ– အိုင် ဆိုတဲ့ ရေတပ်စာအုပ် အဆွေးကြီးထဲက အကြီးဆုံး အပြစ်ဒဏ် မင်းကိုပေးရမယ်၊ နားလည်လား..."

ဗိုလ်အောင်ဘော်မှာ ငိုင်လျက်....

"အေး... ဒါပဲ သွားတော့၊ နောက်တနင်္လာနေ့ ၉ နာရီမှာ အလုံးစုံသတင်းပို့..."

ဗိုလ်အောင်ဘော်သည် ဦးထုပ်ကို နောက်ပြန်ဆောင်းပြီး ဗိုလ်မှူးအား အလေးပြုကာ ခေါင်းငိုက်စိုက်ဖြင့် သူ့အခန်းရှိရာဘက်သို့ ထွက်လာခဲ့လေတော့၏။

စစ်ရေယဉ် 'မေပုလဲ'သည် သူမ၏ ဝမ်းတွင်းမှ အသည်း၊ အူ၊ ကလီစာများဖြစ်သည့် စက်ရိယာ အထွေထွေကို သင်္ဘောကျင်းတင်ကာ ဖြုတ်၍ ပြင်ဆင်နေဆဲအချိန်ဖြစ်သည်။ ဗိုလ်မှူးမြတ်ကိုမှာ 'မေပုလဲ'၏ ဦးစီးမှူးဖြစ်၍ ဗိုလ်အောင်ဘော်မှာ တစ်ဒါဇင်နီးပါးမျှသော အလုပ်သင် အရာရှိပေါက်စတို့အနက် တစ်ဦးသာဖြစ်သည်။ ဤမျှ များပြားလှသော အရာရှိများအနက် ဗိုလ်မှူးမြတ်ကိုနှင့် ဗိုလ်အောင်ဘော်တို့တွင် တိုက်ဆိုင်မှုတစ်ခု ရှိနေသည်။

ထိုတိုက်ဆိုင်မှုမှာ ဗိုလ်မှူးမြတ်ကိုက ဗိုလ်အောင်ဘော်ကို အစဉ်အထင်သေးခြင်းနှင့် ဗိုလ်အောင်ဘော်ကလည်း ဗိုလ်မှူးမြတ်ကိုအား

mgyoe.com

mgyoe.com


အမြဲအထင်မကြီးခြင်းပင်ဖြစ်သည်။

ဗိုလ်အောင်ဘော်က ဗိုလ်မှူးမြတ်ကိုသည် ပုံပျက်အောင်ဝသည်၊ ပျင်းသည်၊ လေပန်းသည်၊ မညာမတာ ခိုင်းတတ်သည်ဟု ယူဆလျက် ဗိုလ်မှူးမြတ်ကိုကလည်း ဗိုလ်အောင်ဘော်သည် ပိန်သလောက် သောက်စားကြီးသည်၊ ဆင်ခြေများသည်၊ အ သည်၊ န သည်၊ ထုံ သည်၊ ထိုင်း သည်ဟု တရားသေယူဆထားပြန်သည်။

ယနေ့ နံနက်လည်း ဗိုလ်အောင်ဘော်သည် နဂိုကတည်းကမှ 'မေပုလဲ' ပေါ်တွင် မနေလိုသည့် အပြင် အင်းလျားဂါဒင် ရိုက်ပွဲအရှိန်ကြောင့် ဒုက္ခတို့ဝေးရာ ဓညဝတီရခိုင်ပြည် စစ်တွေ ရေတပ်စခန်းသို့ ပြေးတော့မည်ဟု ပန်ကြားလွှာဖြင့် ဗိုလ်မှူးမြတ်ကိုထံ ပန်ကြားသည့်အခါ ဓညဝတီသို့ကား မသွားရ၊ 'အောင်ဘော် စစ်ဆင်ရေး' ကိုသာ ရေးဆွဲပေးလိုက်သည်အတွက် ပိုမို စိတ်ပျက်မိပြန်တော့သည်။

သူသည် နောက်ရက်များတွင် နံနက်ပိုင်း အလုပ်ချိန်၌ ဗိုလ်မှူးမြတ်ကိုအား တတ်နိုင်သမျှ မတွေ့အောင် ရှောင်ဖယ်နေသည်။ ဗိုလ်မှူးမြတ်ကို ကလည်း ဘာမှ စကားစပ်၍ပင်မမေး၊ မသိလိုက်ဘာသာ နေသည်။ ဗိုလ်အောင်ဘော်သည် ညနေတိုင်းဆက်၍ ရိပ်သာတွင် ရမ်သောက်ရင်း အကြံထုတ်သည်။ သို့သော် ရမ်သာကုန်သည်၊ အကြံကား ထွက်မလာ။ ပေးထားသော အချိန်အတွင်းတွင် ဘာမျှစွဲရန် မဆိုထားဘိ၊ အနားကပ်ရန် အမျိုးသမီးပင် သူ့၌ အသိတစ်ယောက်မျှ မရှိ၊ သူသည် ဗိုလ်မှူးမြတ်ကို ကွက်ရှင်း ထုတ်လိုက်သော ဝေါဟာရများအား ဦးထွန်းငြိမ်းအကူအညီဖြင့် အနက်အဓိပ္ပာယ် ရှာဖွေရန် ကြိုးစားမိသည်။ သို့သော် ဦးထွန်းငြိမ်း အဘိဓာန်မှာ ထိုစကားလုံးများ အဓိပ္ပာယ်ကို ရှာမတွေ့ပြန်သာအခါ ဘိလပ်ကို ဥဒဟိုသွားနေသည့် လူတန်းစားဖြစ်သည့် ဗိုလ်ပီတာ အေးထွန်းအား ဉာဏ်ပူဇော်ခအပြင် အရက်တိုက်

mgyoe.com

mgyoe.com


၍ ချော့မော့မေးရသည်။ ပီတာ အေးထွန်း ဗဟုသုတဟင်းလေးအိုးကြီး၏ အလိုအရ 'ပင်တီ' ဟူသော ဝေါဟာရမှာ ခေတ်မီအပ်(ပ်)တူဒိတ် အမျိုးသမီးများ ဝတ်လေ့ရှိသော အတွင်းခံဘောင်းဘီဟု သိရသောအခါ ဗိုလ်အောင်ဘော်သည် ပက်လက်လဲလေသတည်း။

ဤတွင် ဗိုလ်အောင်ဘော်သည် ဗိုလ်မှူးမြတ်ကိုအား တစ်ခါမျှ မမုန်းဖူးသော အမုန်းမျိုးဖြင့် ပစ်ပစ်ခါခါ မုန်းပစ်လိုက်မိတော့သည်။ 'အောင်ဘော် စစ်ဆင်ရေး' မှာလည်း ဝေးသထက် ဝေးခဲ့ပြီ။

စနေနေ့ ရောက်ခဲ့ပြီ။ ဘာမျှအကြောင်းမထူးသေး၊ ထို့ကြောင့် သူသည် သူ့ကားစုတ်ကလေးကို အဓိပ္ပာယ်မရှိ လျှောက်မောင်းနေမိသည်။ သူ့ကားမှာ အင်းလျားနှင့် ဘင်တန်ကျောင်းဆောင်ရှေ့များ သွားရပ်လိုက်ရလျှင် ကောလိပ်ကျောင်းသူများ အုပ်နဲ့ချီပြီး ခဲဖြင့် ဝိုင်းဘောမည်ကို စိုးရလောက်အောင် ကျက်သရေကင်းမဲ့လှသည်။ သို့ဖြင့် အမှတ်မထင် စက်ဘက်မှ အင်ဂျင်နီယာ အရာရှိတစ်ဦးဖြစ်သူ ဗိုလ်စိုးလွင်အိမ် ရောက်သွားမိသည်။ ဗိုလ်စိုးလွင်မှာ သူ့ဇနီး ကရင်ပြားမကလေး 'အယ်နီ' ဘုရားရှိခိုးကျောင်းသွားနေသည့်အခိုက်ဖြစ်၍ အမေရိကမှ နောက်ဆုံးပေါ် အလူးအလိမ့် အရှူးချေးပန်းအက တေးသွားဖြစ်သည့် 'နောက်မှတွေ့မယ် မိကျောင်းမရယ်' ဟူသော တေးသွားကိုဖွင့်ရင်း ပုလင်းထောင်နေချိန် ဖြစ်သည်။

"ဟလို... ဘော်... ကမ်းမင်... ကမ်းမင်...၊ စစ်ဒေါင်းဘွိုင်၊ ဟက်(ဖ်)ဝမ်း ဝစ်(စ)ဆိုဒါ ဆေးဝှမ်း..." ဟု ဖော်ဖော်သီသီ ရေရွတ်ပြီးနောက် လင်းတမှိုင် ဖြစ်နေသော ဗိုလ်အောင်ဘော်အတွက် ရမ်နှင့် ဆိုဒါကို ရောစပ်ပေးပြီးနောက် မရွှင်ပျလှသော ဗိုလ်အောင်ဘော်၏ မျက်နှာကဲကို ရိပ်မိသဖြင့်...

"အိုင်ဆေး... ဘော်၊ ဝှတ်(စ်) အိတိန်းယူ၊ ပွိုင်းဆပ်ချေ့လောင်း

mgyoe.com

mgyoe.com


ဖေ့(စ)“ ဟု ပုစ္ဆာ နှိ လိုက်သည်။

အဓိပ္ပာယ်ကို ဆိုရသော်...

“အိုင်ဆေး... ဘော်၊ မင်းကို ဘာက စားနေသလဲ၊ ဘာပြုလို့ ဒါလောက် မျက်နှာရှည်ရသလဲဟု” အဓိပ္ပာယ်ရ၏။

မြန်မာလိုပြန်ရသော်...

“ဒီမှာ ကိုအောင်ဘော် ဘာဖြစ်နေသလဲဗျ၊ မျက်နှာတယ် မကောင်းပါလား”ဟု မေးလိုက်ခြင်းဖြစ်၏။

ဤတွင် ဗိုလ်အောင်ဘော်သည် ဗိုလ်စိုးလွင်နှင့် အရက်ဝိုင်းဖွဲ့ရင်း သူ၏ သနစ်စုံကို ပြောပြလိုက်မိသည်။ စကားအဆုံး၌ ဗိုလ်စိုးလွင်သည် ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး...

“ဘုရား သခင်ရေ... ဒါနဲ့များ ခက်လွန်း လွန်းလို့ဗျာ၊ တွေ့တဲ့ နေရာက ပင်တီ တစ်ထည်ယူပြီး လံကြုတ်ဇာတ်လမ်း တစ်ခုပြောလိုက်ပေါ့၊ ခင်ဗျား ငနဲကြီးဘာသိမှာလဲ၊ ခေါင်းပြောင်နေတာ ကြည့်ပါလား။ ခေါင်းထဲမှာ ဦးနှောက်မရှိပါဘူး။ အရက်ချိုးပဲ ရှိတယ်၊ ဟား... ဟား... ဟား...” ဟု သဘောကျစွာ ရယ်လိုက်သည်။

ဗိုလ်အောင်ဘော် မျက်နှာမှာ ဝင်းခနဲဖြစ်သွားလျက် ဘိုးဘိုး အောင်ကို တွေ့လိုက်ရသကဲ့သို့ ထခုန်မတတ်ဖြစ်သွားကာ...

“အစစ်ပဲဗျို့၊ ခင်ဗျားဆီ စောစောကမလာမိတာ နာတာပဲ၊ ဒါထက် လုပ်စမ်းပါဦးဗျာ၊ ‘ပင်တီ’ တစ်ခုလောက် ဘယ်မှာဝယ်ရမလဲ”

“မဝယ်ပါနဲ့ဗျာ၊ ကျုပ်ဆီမှာ ဒါဇင် ၆၀ လောက်ရှိတယ်၊ ကျုပ် မိန်းမဖို့ စက်ာပူသွားတုန်းက ဝယ်လာခဲ့တာပေါ့၊ ဟိုနေ့က ဗိုလ်ကြီး ခင်မောင်ဝင်းတို့ ပြန်လာတော့တောင် ၂၅– ဒါဇင်၊ ဘရာစီယာက ဒစ် ဖရင့် အင်းဘက်စ်ကွာလတီ ဒါဇင် ၃၀ ထပ်ပါလာသေးတယ်၊ တစ်ခု ယူသွားပေါ့ဗျာ...”

mgyoe.com